မ - ၁၃၄၆

မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဌာနခွဲ

လုပ်ငန်းညှိနှိုင်းရေးဌာနခွဲ

ဝင်စာတင်ပြလွှာ

ကုမ္ပဏီအမည် Kaung Mon (Magway) Cons; Co., Ltd

တင်ပြသည့် လုပ်ငန်း မကွေး - မင်းဘူး - ဖုန်းပြင် လမ်းအပိုင်း

ရက်စွဲ	အကြောင်းအရာ	မှတ်ချက်
၁၁.၆.၂၀၁၃	လက်ခံရရှိပါသည်။ (အဆိုပြုလွှာ)	
၁၁.၆.၂၀၁၃	လိုအပ်ချက်များကို ၆.၇ သို့ ဖုန်းဆက်ပြီး စာအုပ် / [illegible]	ဖုန်းဆက်သည့် မအေးဝင်း
၁၄.၆.၂၀၁၃	လိုအပ်သည့် အချက်အလက်နှင့် စာအုပ် လာပေးရန် ဖုန်းဆက် အချက်အလက် [illegible] ပေးသည်ဖြင့် (၁၁/၂၀၁၃) (၂၇.၆.၁၃) PAT အစည်းအဝေးသို့ တင်ပေးရန်ပြော	ဖုန်းဆက်ခဲ့ ဦးသက်ဝင်း Phyo . 8302769
၁၇.၆.၂၀၁၃	Proposal [illegible] သည် Proposal ပေးထားသော် သဘောထားမှတ်ချက် [illegible] ပေးပါ	Phyo Phyo
၂၁.၆.၂၀၁၃	Legal နှင့် PAP RD သဘောထားတောင်းသည်	
〃	PAT Memo ပြင်ဆင်ပြီးသည်	
၂၇.၆.၂၀၁၃	၁၁/၂၀၁၃ PAT တွင်ဆွေးနွေးသည်	[illegible] 063-23601
〃	PAT မှတ်တမ်းပြင်သည်	
၂၈.၈.၂၀၁၃	မှတ်တမ်း [illegible] သို့ပေးသည်	
၁-၇-၂၀၁၃	PAT ပြန်စာပြင်သည်	
၂-၇-၂၀၁၃	PAPRD သဘောထား ရရှိသည်	

Coor doc

မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဌာနခွဲ

လုပ်ငန်းညှိနှိုင်းရေးဌာနခွဲ

ဝင်စာတင်ပြလွှာ

ကုမ္ပဏီအမည် --

တင်ပြသည့် လုပ်ငန်း --

ရက်စွဲ	အကြောင်းအရာ	မှတ်ချက်
၅-၇-၂၀၁၃	ပထမ ကြိုတင်ရှင်းပြပေးမိန့် ၇ဦးသည်-	CO - မှ လာပါသည်။
၈-၇-၂၀၁၃	PAT ၏ဖြတ်ချက် ပြန်လည်ပြင်ဆင်ရန် တင်ပြသည်	
"	: PAT ဆုံးဖြတ်ချက် ထွက်လာသည်။	
"	Company မှ ဖြေကြားတင်ပြလာသည်။ (မိုးအေး၊ လုပ်ငန်းခွင်၊ ငွေကြေး၊ EMP) ကျန်ပေးသည်	
၁၂-၇-၂၀၁၃	မိုးအေး၊ လုပ်ငန်းခွင်၊ ငွေကြေး၊ EMP တင်ပြသည်။ PF ဒိုင်ကြား ငွေစာရင်းအကောက်အထား update မဖြစ် EMP တင်ပြချက် လိုအပ်သည်။ ထွက်ချက်မှု မမှန်ခြင်းသဖြင့် ထွက်ချက်သူအား Phone ဆက်ပြီး .	
၁၅-၇-၂၀၁၃	EMP တင်ပြချက်ပြည့်စုံရန်၊ ငွေကြေး update တင်ပြရန် ဆိုင်ရာ ဦးသက်ဝင်းအား ပြန်ကြားပြောသည်။ ထွက်ချက်မှု ဖြေကြားရန် Power Point ဖြင့် ရှင်းလင်းရန် ပြောသည်။	
၂၆-၇-၂၀၁၃	MIC Memo ကြမ်း တင်ပြသည်။	
၂ - ၈-၂၀၁၃	Memo ရေး နှင့် Brief note ရေး တင်ပြထားသည်။	
၆-၈-၂၀၁၃	ဥပဒေရုံးသို့ Permit နှင့် ခွင့်ပြုမိန့် ထုတ်ပေး ပေးပို့သည်။	

ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

ဝင်စာတင်ပြလွှာ

အကြောင်းအရာ။ ။

နေ့စွဲ	ဆောင်ရွက်ချက်	မှတ်ချက်
၇-၈-၂၀၁၃	၂၀/၂၀၁၃ MIC တွင်ဆွေးနွေးသည် (MPT)	
၁၆-၈-၂၀၁၃	MIC Decision ၇ အရ Permit နှင့် အမိန့်(က) ထုတ်ပြန်သည်။	
၂၀-၈-၂၀၁၃	ကုမ္ပဏီမှ တွက်ချက်မှု ပြန်တင်ပြလာသည်။ Contribution to state များ နေ့အမြင့် ပြန်ပြင်ရန် အော်ဒါ [illegible] ပြန်ပြင် အကြောင်းကြားသည်။ ၂၁-၈-၂၀၁၃ [illegible] ကုမ္ပဏီမှ [illegible] ပြောထားသည်။	ငွေကြေး အထောက်အထား original KBZ, MOB
၂၃-၈-၂၀၁၃	တွက်ချက်မှု ပြန်တင်ပြလာသည်။	
၂၆-၈-၂၀၁၃	တွက်ချက်မှု မမှန်သေးပါ။	
၂၇-၈-၂၀၁၃	တွက်ချက်မှု ပြန်ပေးရန် အော်ဒါ [illegible] ပြောသည်။	Permit နှင့် အမိန့်(က) မူကြမ်း Dir [illegible] တွင်ထားသည်။
၂၉-၈-၂၀၁၃	တွက်ချက်မှုများ ပြန်တင်ပြလာသည်၊ မှန်ကန်ပြီ ဖြစ်သည်။	
၃၀-၈-၂၀၁၃	မနက် [illegible] ၉၂၈/၂၀၁၃ ၂၁-၈-၂၀၁၃ ဖြင့် [illegible] ထုတ်ပေးသည်။ [illegible] ဖြစ်လာသည်။	
၃-၉-၁၃	[illegible] Proposal, Memo နှင့် Permit, အမိန့်(က) [illegible] ပြီး။	

IICPT

ပုံစံ (မနသ-၂)

၉၄၅၀.၈
၂၁.၈ ၂၀၁၃

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်
ခွင့်ပြုမိန့်

ခွင့်ပြုမိန့် အမှတ်၊ မနသ- ၉၂၈ / ၂၀၁၃ ။ ၂၀၁၃ ခုနှစ်၊ ဩဂုတ် လ ၂၁ ရက်

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သည် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၁၂(ခ) အရ ဤခွင့်ပြုမိန့်ကို ထုတ်ပေးလိုက်သည်။

(က) ရင်းနှီးမြှုပ်နှံသူ၏အမည် ဦးစိန်ငွေး

(ခ) အဘ အမည် ဦးတန်အိကုန်း

(ဂ) နိုင်ငံသား/ အမျိုးသားမှတ်ပုံတင် အမှတ် ၈/မကန(နိုင်) ၀၂၂၁၈၂

(ဃ) နေရပ်လိပ်စာ အမှတ် - ၇(ဘီ)၊ ပြည်တော်သာလမ်း၊ ပြည်တော်သာရပ်ကွက်၊ မကွေးမြို့၊ မကွေးတိုင်းဒေသကြီး။

(င) ဖွဲ့စည်းထားသည့် သို့မဟုတ် ဖွဲ့စည်းမည့် အဖွဲ့အစည်း Kaung Mon (Magway) Construction Co., Ltd

(စ) ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည့် လုပ်ငန်းအမျိုးအစား B.O.T စနစ်ဖြင့် လမ်းအဆင့်မြှင့်တင်တိုးချဲ့ခြင်းနှင့် လမ်းအသုံးပြုခကောက်ခံခြင်းလုပ်ငန်း

(ဆ) ရင်းနှီးမြှုပ်နှံမှုပြုလုပ်သည့်အရပ်ဒေသ(များ) မကွေး- မင်းဘူး- ပွင့်ဖြူလမ်းပိုင်း ၃၄ မိုင် ၂ ဖာလုံ

(ဇ) မတည်ငွေရင်းပမာဏ(ကျပ်) ၃၂၂၀.၆၆ (သန်း) (အမေရိကန်ဒေါ်လာ ၃.၂၀ သန်း အပါအဝင် စုစုပေါင်း ကျပ်သုံးထောင်နှစ်ရာ နှစ်ဆယ်သန်းနှင့် ခြောက်သိန်း ခြောက်သောင်းခန့်)

ဥက္ကဋ္ဌ
မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်

ကန့်သတ်

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်
အမိန့်ကြော်ငြာစာအမှတ်၊ ၆ ၇ /၂၀၁၃ (မနသ)
၂၀၁၃ ခုနှစ် ဩဂုတ်လ ၂၁ ရက်

၁။ မြန်မာကုမ္ပဏီဖြစ်သော Kaung Mon (Magway) Construction Co., Ltd. မှ မကွေး-မင်းဘူး-ပွင့်ဖြူလမ်းအပိုင်း (၃၄)မိုင်(၂)ဖာလုံအား BOTစနစ်ဖြင့် လမ်းအဆင့်မြှင့်တင်တိုးချဲ့ခြင်းနှင့် လမ်းအသုံးပြုခ ကောက်ခံခြင်း လုပ်ငန်းကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီဆောင်ရွက်ခွင့်ပြုပါရန်အဆိုပြုတင်ပြချက်အား (၇-၈-၂၀၁၃)နေ့တွင်ကျင်းပသော မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏(၂၀/၂၀၁၃)အစည်းအဝေးမှ ခွင့်ပြုကြောင်း ဆုံးဖြတ်ခဲ့ပါသည်။ အဆိုပါဆုံးဖြတ်ချက်အရ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သည် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေ အခန်း(၇)၊ ပုဒ်မ ၁၂ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် Kaung Mon (Magway) Construction Co., Ltd.မှ မကွေး-မင်းဘူး- ပွင့်ဖြူ လမ်းပိုင်း (၃၄)မိုင် (၂)ဖာလုံအား BOTစနစ်ဖြင့် လမ်းအဆင့်မြှင့်တင် တိုးချဲ့ခြင်းနှင့် လမ်းအသုံး ပြုခ ကောက်ခံခြင်း လုပ်ငန်းကို ဆောင်ရွက်နိုင်ရန်အတွက် ခွင့်ပြုမိန့် အမှတ်၊ မနသ- ၉၂၈/၂၀၁၃ ကို ထုတ်ပေးလိုက်သည်။

၂။ Kaung Mon (Magway) Construction Co., Ltd.အနေဖြင့် ဤခွင့်ပြုမိန့်အရ ဝန်ဆောင်မှု လုပ်ငန်း ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေ အခန်း(၁၁) အရ ဝင်ငွေခွန်ကင်းလွတ်ခွင့်နှင့် အောက်ဖော်ပြပါ အခွန်ကင်းလွတ်ခွင့် နှင့် သက်သာခွင့်များကို ခံစားခွင့်ပြုနိုင်ရန် ဤအမိန့်ကြော်ငြာစာကိုထုတ်ပြန်လိုက်သည်-

(က) ဥပဒေပုဒ်မ ၂၀(က) အရ ဝန်ဆောင်မှုလုပ်ငန်းစီးပွားဖြစ်စတင်သောနှစ်အပါအဝင် တစ်ဆက်တည်း (၅)နှစ် အတွက် ဝင်ငွေခွန် ကင်းလွတ် ခွင့်ပြုသည်။

(ခ) ဥပဒေပုဒ်မ ၂၀(ဂ)အရ လုပ်ငန်းမှ ရရှိသည့် အမြတ်ငွေကို သီးသန့်ရန်ပုံငွေထား၍ တစ်နှစ်အတွင်း လုပ်ငန်း၌ ပြန်လည် ရင်းနှီးမြှုပ်နှံလျှင် ထိုအမြတ်ငွေ အပေါ် ဝင်ငွေခွန် ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့် ခံစားနိုင်ရန် အတွက် ဝင်ငွေခွန် ကင်းလွတ်ခွင့် ကာလကုန်ဆုံးပြီး၍ အမှန်တကယ် ပြန်လည် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်သည့်အခါ လုပ်ငန်း အမှန်တကယ် အကောင်အထည်ဖော်မှု အခြေအနေကို ဖော်ပြလျက် ဤကော်မရှင်သို့ တင်ပြလျှောက်ထားရမည်။

(ဂ) ဥပဒေပုဒ်မ ၂၀(စ) အရ ဝင်ငွေခွန် ကင်းလွတ်ခွင့်ခံစားပြီး တစ်ဆက်တည်း နှစ်နှစ်အတွင်း အမှန်တကယ်ပေါ်ပေါက်သည့် အရှုံးငွေကို ယင်းသို့ အရှုံးပေါ်ပေါက်သည့် နှစ်မှစ၍ တစ်ဆက်တည်း သုံးနှစ်ကာလအထိ သယ်ယူခုနှိမ်ခွင့်ကို လုပ်ငန်း အမှန်တကယ် အကောင်အထည်ဖော်မှုအခြေအနေကို ဖော်ပြလျက် ဤကော်မရှင်သို့ တင်ပြလျှောက်ထားရမည်။

ကန့်သတ်

(ဃ) ဥပဒေပုဒ်မ ၂၀(ဆ) အရ ကနဦး ရင်းနှီးမြှုပ်နှံမှုကာလအတွင်း ပြည်တွင်း၌ မရရှိနိုင်သည့် အမှန်တကယ် လိုအပ်၍ ပြည်ပမှ တင်သွင်းသော စက်ပစ္စည်း၊ စက်အရန်ပစ္စည်း၊ စက်ကိရိယာ အစိတ်အပိုင်း၊ လုပ်ငန်းသုံးပစ္စည်းများအပေါ် အကောက်ခွန်နှင့် အခြားပြည်တွင်း အခွန်အကောက်များ ကင်းလွတ်ခွင့်ကို ဤကော်မရှင်သို့ တင်ပြလျှောက်ထားရမည်။

(င) ဥပဒေပုဒ်မ ၂၀(ဇ)အရ ဝင်ငွေခွန်စည်းကြပ်ရန် ကိစ္စအလို့ငှာ ယာဉ်ယန္တရား၊ စက်ပစ္စည်း ၊ စက်ကိရိယာ၊ အဆောက်အအုံ သို့မဟုတ် လုပ်ငန်းသုံး အခြား မတည်ပစ္စည်းများအပေါ်တွင် နိုင်ငံတော်ကသတ်မှတ်သည့် ပစ္စည်းတန်ဖိုးလျော့ တွက်နှုန်းများအတိုင်း တွက်ချက်ပြီး ပစ္စည်းတန်ဖိုးလျော့တွက် ငွေကို အမြတ်ငွေမှ နုတ်ပယ်ခွင့်နှင့် စပ်လျဉ်း၍ ယင်း တန်ဖိုးလျော့နှုန်းထားများကို ဤကော်မရှင်သို့ တင်ပြလျှောက်ထားရမည်။

(စ) ဥပဒေပုဒ်မ ၂၀(ဈ) အရ လုပ်ငန်းတည်ဆောက်မှု ပြီးစီး၍ ပထမသုံးနှစ်အတွက် တင်သွင်းသည့် ကုန်ကြမ်းများအပေါ်တွင် အကောက်ခွန်ဖြစ်စေ၊ အခြားပြည်တွင်း အခွန်အကောက်များဖြစ်စေ ၊ နှစ်မျိုးစလုံးကိုဖြစ်စေ ၊ ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ကို ဤကော်မရှင်သို့ တင်ပြ လျှောက်ထားရမည်။

(ဆ) ဥပဒေပုဒ်မ ၂၀(ည)အရ ရင်းနှီးမြှုပ်နှံမှုပမာဏ တိုးမြှင့်ပြီး မူလရင်းနှီးမြှုပ်နှံသည့် လုပ်ငန်းကိုခွင့်ပြုထားသည့် သက်တမ်းကာလအတွင်း အမှန်တကယ် အသုံးပြုရန် လိုအပ်၍ တင်သွင်းသော ယာဉ်ယန္တရားများ၊ စက်ပစ္စည်းများ၊ စက်ကိရိယာများ၊ အသုံးအဆောင် တန်ဆာပလာများ၊ စက်ကိရိယာအစိတ်အပိုင်းများ ၊ စက်အရန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများအပေါ် အကောက်ခွန် နှင့် အခြားပြည်တွင်း အခွန်အကောက်များ ကင်းလွတ်ခွင့်ကို ဤကော်မရှင်သို့ တင်ပြလျှောက်ထားရမည်။

၃။ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၂၀(ဆ) အရ ပြည်ပမှ တင်သွင်း သည့် စက်ပစ္စည်းများ၊ စက်အရန်ပစ္စည်းများ၊ လုပ်ငန်းသုံး ပစ္စည်းများ တင်သွင်းရာတွင် တင်သွင်း မည့် ပစ္စည်း အမျိုးအစား၊ အရည်အသွေး၊ စံချိန်စံညွှန်းများ၊ ဈေးနှုန်းများ သင့်မြတ်မှု စသည်တို့နှင့် စပ်လျဉ်း၍ နိုင်ငံတကာ အသိအမှတ် ပြုထားသည့် စစ်ဆေးရေး ကိုယ်စားလှယ် (Inspection Agency) ၏ စစ်ဆေးမှုဖြင့် ဆောင်ရွက်ရမည်။

၄။ Kaung Mon (Magway) Construction Co., Ltd.သည် ဤခွင့်ပြုမိန့် အရ ဝန်ဆောင်မှု လုပ်ငန်း ဆောင်ရွက်ရာတွင် မူလအဆိုပြုလွှာ၌ ဖော်ပြထားသည့် **ဝန်ဆောင်မှု ရည်မှန်းချက်ကို အနိမ့်ဆုံး ရည်မှန်းချက်** အဖြစ် ထားရှိဆောင်ရွက် အကောင်အထည် ဖော်ရမည်။

၅။ Kaung Mon (Magway) Construction Co., Ltd.သည် ဤအဆိုပြု လုပ်ငန်း၏ စာရင်းများ ကို သီးခြား ပြုစု ထားရှိရမည်။

၆။ Kaung Mon (Magway) Construction Co., Ltd. သည် မကွေး-မင်းဘူး-ပွင့်ဖြူလမ်းပိုင်း (၃၄)မိုင်(၂)ဖာလုံအား BOT စနစ်ဖြင့် ဆောင်ရွက်ရာတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း နှင့် ချုပ်ဆိုမည့် BOT ပဋိညာဉ်စာချုပ်ပါ သတ်မှတ်ချက် စည်းမျဉ်းစည်းကမ်းများအတိုင်း လိုက်နာ ဆောင်ရွက်ရမည်။

၇။ အဆိုပြုလုပ်ငန်း ဆောင်ရွက်နိုင်ရန်အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း နှင့် Kaung Mon (Magway) Construction Co., Ltd.တို့ မကွေး-မင်းဘူး-ပွင့်ဖြူလမ်းပိုင်း (၃၄)မိုင်(၂)ဖာလုံအား BOT စနစ်ဖြင့်ဖောက်လုပ်၍ လုပ်ငန်းလုပ်ကိုင်ရေး ပဋိညာဉ်စာချုပ် လက်မှတ်ရေးထိုး၍ **ထိုက်သင့်သော တံဆိပ်ခေါင်းခွန်များ ထမ်းဆောင်** ပြီးသည့်အခါ ယင်းသဘောတူစာချုပ် မိတ္တူ (၅)စောင် ကို ဤကော်မရှင် သို့ **မပျက်မကွက်** ပေးပို့တင်ပြရမည်။

၈။ Kaung Mon (Magway) Construction Co., Ltd.သည် မကွေး-မင်းဘူး-ပွင့်ဖြူလမ်းပိုင်း (၃၄)မိုင်(၂)ဖာလုံအား BOT စနစ်ဖြင့် လမ်းအဆင့်မြှင့်တင် တိုးချဲ့ခြင်းနှင့် လမ်းအသုံးပြုခ ကောက်ခံခြင်း လုပ်ငန်းသက်တမ်းမှာ နှစ်(၄၀)ဖြစ်သည်။ သက်တမ်းကို ရေတွက်ရာတွင် လုပ်ငန်းများကို အပြီးဆောင်ရွက်ပြီးစီးသည့်ရက်နေ့ (သို့မဟုတ်) လုပ်ငန်း ပြီးစီးကြောင်း လက်မှတ်ထုတ်ပေးသည့် ရက်နေ့ ထိုနှစ်ရပ် အနက် စောရာ ရက်နေ့ ကာလမှ စတင် သတ်မှတ်မည်။

၉။ Kaung Mon (Magway) Construction Co., Ltd. သည် ကောက်ခံရရှိသည့် လမ်းအသုံးပြုခမှ “လုပ်ငန်း လုပ်ကိုင် ခွင့်ပြုသူ” သို့ အောက်ပါအတိုင်း ပေးသွင်းရမည်။

(၁)	ပထမ (၃)နှစ်အတွက်	ကင်းလွတ်ခွင့်ကာလ
(၂)	(၄)နှစ်မြောက်မှ(၁၃)နှစ်မြောက်အထိ (၁၀)နှစ်	၅% ပေးသွင်းရန်
(၃)	(၁၄)နှစ်မြောက်မှ(၂၃)နှစ်မြောက်အထိ(၁၀)နှစ်	၁၀% ပေးသွင်းရန်
(၄)	(၂၄)နှစ်မြောက်မှ(၃၃)နှစ်မြောက်အထိ (၁၀)နှစ်	၁၅% ပေးသွင်းရန်
(၅)	(၃၄)နှစ်မြောက်မှ(၄၀)နှစ်မြောက်အထိ (၇)နှစ်	၂၀% ပေးသွင်းရန်
(၆)	(၄၀) နှစ်ကျော် ကာလ အတွက် အချိန်တိုးမြှင့် ကောက်ခံခွင့် တင်ပြချိန်တွင် နိုင်ငံတော်မှ သတ်မှတ်ပေးသည့် ရာခိုင်နှုန်းအတိုင်း ပေးသွင်းရန် ဖြစ်ပါသည်။	

၁၀။ Kaung Mon (Magway) Construction Co., Ltd. သည် လုပ်ငန်း လုပ်ကိုင်ခွင့်ပြုသည့်ကာလ နှစ်(၄၀)သို့မဟုတ် လုပ်ငန်းဆက်လက်လုပ်ကိုင်ရန် နောက်ထပ်တိုးမြှင့်ကာလများ ပြီးဆုံးပါက အဆိုပါလမ်းနှင့် ဂိတ်များကို ဖောက်လုပ်ပြီးစီးချိန်က ရှိနေသော ကောင်းမွန်သည့်

အနေအထား အတိုင်း ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းသို့ အဖိုးစားနား တစ်စုံတစ်ရာ မရှိဘဲ လွှဲပြောင်းပေးရမည်။

၁၁။ Kaung Mon (Magway) Construction Co., Ltd. သည် နိုင်ငံခြားသား ကျွမ်းကျင်သူများ ငှားရမ်းခွင့် ကိစ္စနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေ အခန်း(၁၀)၊ ပုဒ်မ ၁၉ (ဂ) ပါ သတ်မှတ်ချက်များနှင့် အညီ ဤကော်မရှင်သို့ သီးခြားတင်ပြ လျှောက်ထားရမည်။ အဆိုပြုလုပ်ငန်း ဆောင်ရွက်ရန်အတွက် ပြည်တွင်း အလုပ်သမားများ ခန့်ထား ရာတွင် အလုပ်သမား၊ အလုပ်အကိုင် နှင့် လူမှုဖူလုံရေး ဝန်ကြီးဌာန၊ အလုပ်သမား ညွှန်ကြားရေး ဦးစီးဌာန နှင့် ညှိနှိုင်း ဆောင်ရွက်ရမည်။ ထို့အပြင် အလုပ်ရှင်နှင့် အလုပ်သမား ဆက်ဆံရေး ပြေလည်စေရန်အလေးထားဆောင်ရွက်ရမည်။ လုပ်ငန်းခွင်သာယာရေးနှင့်စာရင်းဇယားစနစ်တကျ ရှိစေရေး အတွက် အဆိုပြုချက်တွင် တင်ပြထားသည့်အတိုင်း စီစဉ်ဆောင်ရွက်ရမည်။

၁၂။ Kaung Mon (Magway) Construction Co., Ltd. သည် ဤခွင့်ပြုမိန့် အရ ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ရာ၌ ပတ်ဝန်းကျင် လေထု၊ ရေထု၊ မြေထု ညစ်ညမ်းမှု၊ မီးဘေး အန္တရာယ် စသည်များ၊ မဖြစ်ပေါ် စေရန်အတွက် လိုအပ်သည့် ပတ်ဝန်းကျင်ညစ်ညမ်းမှု ထိန်းသိမ်း ကာကွယ်ရေး အစီအမံများကို ဝန်ခံကတိပြုထားသည့်အတိုင်း စနစ်တကျထားရှိ ဆောင်ရွက်ရမည်။ ထို့ပြင် နိုင်ငံတော်မှပြဋ္ဌာန်းထားသည့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးမူဝါဒ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ အခြားသော ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ နည်းဥပဒေများ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများ နှင့်အညီ လိုက်နာဆောင်ရွက်ရမည်။ ယင်းသို့ ဆောင်ရွက်ထားမှု အခြေအနေ ကို ဤကော်မရှင်သို့ **မပျက်မကွက်** အစီရင်ခံရမည်။

၁၃။ Kaung Mon (Magway) Construction Co., Ltd. သည် ပူးတွဲပါ ကနဦး လုပ်ငန်း ဆောင်ရွက်မှု အစီရင်ခံစာကို ဤခွင့်ပြုမိန့် ရရှိပြီး (သုံး)လအတွင်း ဤကော်မရှင်သို့ **မပျက်မကွက်** အစီရင်ခံရမည်။ ထို့ပြင် လုပ်ငန်း အကောင်အထည်ဖော်မှု အခြေအနေများကို သတ်မှတ်ထားသော ပုံစံဇယားများဖြင့် (၃)လ တစ်ကြိမ် **မပျက်မကွက်** ပုံမှန်ပေးပို့ အစီရင်ခံရမည်။

၁၄။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ခွင့်ပြုမိန့်တွင် ဖော်ပြထားသည့် ရင်းနှီးမြှုပ်နှံမှု ပမာဏ၊ ရင်းနှီးမြှုပ်နှံမှု ပြုလုပ်သည့် လမ်းအရှည်မိုင် နှင့် ရင်းနှီးမြှုပ်နှံသူ၏ အဖွဲ့အစည်း၏ နေရပ် လိပ်စာ (ကုမ္ပဏီ၏ ရုံးခန်းလိပ်စာနှင့် တယ်လီဖုန်းနံပါတ်) တို့ ပြောင်းလဲမှုရှိတိုင်း ဤကော်မရှင်သို့ **မပျက်မကွက်** တင်ပြ၍ အတည်ပြု ခွင့်ပြုချက်ကို ရယူရမည်။

၁၅။ Kaung Mon (Magway) Construction Co., Ltd. သည် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင် နှင့် သက်ဆိုင်ရာ ဝန်ကြီး ဌာနများမှ ချမှတ်ထားသော တည်ဆဲစည်းမျဉ်း စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၁၆။ Kaung Mon (Magway) Construction Co., Ltd. သည် အဆိုပြုလမ်း အပိုင်း တရားဝင်ဖွင့်လှစ်သည့်နေ့ရက်နှင့် စီးပွားဖြစ်စတင်ဆောင်ရွက်သည့်နေ့ရက်တို့ကို ဤကော်မရှင်သို့ **မပျက်မကွက်** အစီရင်ခံရမည်။

၁၇။ အဆိုပြုလုပ်ငန်းကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့် အညီ ဆောင်ရွက်ရမည် ဖြစ်သဖြင့် မည်သည့် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြား အဖွဲ့အစည်းကမျှ ပိုင်ဆိုင်ခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် စီမံခန့်ခွဲခြင်း မရှိစေရ။ အကယ်၍ နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြား အဖွဲ့အစည်းက ပိုင်ဆိုင်ကြောင်း သို့မဟုတ် တစ်နည်းနည်းဖြင့် စီမံခန့်ခွဲကြောင်း သက်ဆိုင်ရာ က စစ်ဆေးတွေ့ရှိလျှင် လုပ်ငန်း ပိတ်သိမ်းနိုင်ရေး အတွက် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းနှင့် ညှိနှိုင်းဆောင်ရွက်မည့်အပြင် လုပ်ငန်းအဆိုပြုသူ သည် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေ ပုဒ်မ ၃၂(င) အရ နောင်တွင် မည်သည့် ခွင့်ပြုမိန့်မျှ ထုတ်ပေးမည် မဟုတ်သော နာမည်ပျက် စီးပွားရေးလုပ်ငန်းစာရင်း၌ ထည့်သွင်းခြင်းခံရမည်။

၁၈။ ဤခွင့်ပြုမိန့် ထုတ်ပေးသည့် နေ့မှစ၍ (တစ်)နှစ်အတွင်း အဆိုပြုလုပ်ငန်းကို စတင် ဆောင်ရွက်ခြင်း မပြုနိုင်ပါက ဤခွင့်ပြုမိန့်သည် အလိုအလျောက် ပျက်ပြယ်ပြီး ဖြစ်သည်ဟု မှတ်ယူရမည်။

(ဝင်းရှိန်)
ဥက္ကဋ္ဌ

စာအမှတ်၊ရက- ၆(က) /မ- ၁၃၄၆/၂၀၁၃(၉၄၅၀-င)
ရက်စွဲ၊ ၂၀၁၃ ခုနှစ် ဩဂုတ်လ ၂၁ ရက်

ဖြန့်ဝေခြင်း

သမ္မတဦးစီးရုံး

ဒုတိယသမ္မတ(၁)ဦးစီးရုံး

ဒုတိယသမ္မတ(၂)ဦးစီးရုံး

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်အဖွဲ့ဝင်များ

ပြည်ထဲရေးဝန်ကြီးဌာန

ဆောက်လုပ်ရေးဝန်ကြီးဌာန

ဘဏ္ဍာရေးဝန်ကြီးဌာန

အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေး ဝန်ကြီးဌာန

ဆက်သွယ်ရေး၊ သတင်းအချက်အလက် နှင့် နည်းပညာ ဝန်ကြီးဌာန

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန

လျှပ်စစ် စွမ်းအား ဝန်ကြီးဌာန

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ မကွေးမြို့

ဥက္ကဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ဦးဆောင်ညွှန်ကြားရေးမှူး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း

ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ အာမခံ လုပ်ငန်း

ညွှန်ကြားရေးမှူးချုပ်၊ အကောက်ခွန် ဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ ပြည်တွင်းအခွန်များ ဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ အလုပ်သမားညွှန်ကြားရေး ဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ ဆက်သွယ်ရေး ညွှန်ကြားမှု ဦးစီးဌာန

ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

ညွှန်ကြားရေးမှူးချုပ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန

ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့လျှပ်စစ်ဓါတ်အား လုပ်ငန်း

ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေး ညွှန်ကြားမှု ဦးစီးဌာန

အုပ်ချုပ်မှုဒါရိုက်တာ၊ Kaung Mon (Magway) Construction Co., Ltd.

ရုံးတွင်းစာအကျဉ်းချုပ်
သို့မဟုတ် စာကြမ်းရေးရန်အတွက်

ရက်စွဲ၊ ၂၀၁၃ ခုနှစ် စက်တင်ဘာလ ၃ ရက်

အကြောင်းအရာ။ **Kaung Mon (Magway) Construction Co., Ltd. မှ မကွေး-မင်းဘူး-ပွင့်ဖြူ လမ်းအပိုင်း (၃၄)မိုင်(၂)ဖာလုံ အား BOT စနစ်ဖြင့် လမ်းအဆင့်မြှင့်တင် တိုးချဲ့ တည်ဆောက်၍ လမ်း သုံးပြုခ ကောက်ခံခြင်း လုပ်ငန်း ဆောင်ရွက် ခွင့်ပြုပါရန် ဆောက်လုပ်ရေး ဝန်ကြီးဌာန မှ တစ်ဆင့် အဆိုပြုချက် တင်ပြခြင်း ကိစ္စ**

၁။ မြန်မာကုမ္ပဏီဖြစ်သော Kaung Mon (Magway) Construction Co., Ltd. မှ မကွေး-မင်းဘူး-ပွင့်ဖြူလမ်းအပိုင်း (၃၄)မိုင် (၂)ဖာလုံအား BOT စနစ်ဖြင့် လမ်းအဆင့်မြှင့်တင် တိုးချဲ့ခြင်းနှင့်လမ်းအသုံးပြုခကောက်ခံခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် ဆောက်လုပ်ရေး ဝန်ကြီးဌာနမှတစ်ဆင့် အဆိုပြုတင်ပြချက်အား (၇-၈-၂၀၁၃)နေ့တွင်ကျင်းပသော မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ (၂၀/၂၀၁၃) အစည်းအဝေးမှ ခွင့်ပြုသဖြင့် ခွင့်ပြုမိန့်အမှတ်၊ မနသ- ၉၂၈/၂၀၁၃ ကို ထုတ်ပေးခဲ့ပြီး ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ အောက်ဖော်ပြပါ စာရွက်စာတမ်းများအား သက်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ကြီးကြပ်ရေးဌာနခွဲသို့ လွှဲပြောင်းခွင့်ပြုပါရန် တင်ပြအပ်ပါသည်-

(က)	Proposal စာအုပ်	(၃) အုပ်
(ခ)	ခွင့်ပြုမိန့် (Permit) နှင့် အမိန့် ကြော်ငြာစာ	(၃) စုံ
(ဂ)	MIC Memo	(၁) စုံ

(မီမီသဥ္ဇာချို)
ဦးစီးအရာရှိ

ဒုတိယညွှန်ကြားရေးမှူး

၃။ တာဝန်

ညွှန်ကြားရေးမှူး

၄။

KOUNG MON (MAGWAY) CONSTRUCTION CO.,LTD
No. 7(B), Pyi Daw Thar Road, Pyi Daw Thar Qt, Magway
Ph : 063 - 23600, 23601

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
နေပြည်တော်။

စာအမှတ် ။ ။ Kaung Mon/ MIC / Road/ 011

ရက်စွဲ ။ ။ ၂၀၁၃ခုနှစ်၊ ဩဂုတ်လ (၂၁) ရက်။

အကြောင်းအရာ။ ။ ပြန်လည်ပြင်ဆင်ပေးပို့ခြင်း။

အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ **ကောင်းမွန်(မကွေး)ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်မှ** B.O.T စနစ်အရ တာဝန်ယူဆောင်ရွက်မည့် **မကွေး-မင်းဘူး-ပွင့်ဖြူလမ်းပိုင်း (၃၄)မိုင်(၂)ဖာလုံ** အတွက် အဆိုပြုချက်တွင် ဝင်ငွေခွန်(၅)နှစ်ကင်းလွတ်ခွင့်ဖြင့် တွက်ချက်၍ ပြန်လည်ပြင်ဆင်ပေးပို့တင်ပြအပ်ပါသည်။

ရိုသေလေးစားစွာဖြင့်

(Sein Htay)
Managing Director
Kaung Mon(Magway) Construction Co.,Ltd.

ဆုံးဖြတ်ချက်	ဆောင်ရွက်ရန်
(စ) Hung Kiu (Myanmar) Garment Manufacturing Ltd. ၏ CMP စနစ်ဖြင့် အထည်ချုပ် လုပ်ငန်းအား နိုင်ငံခြားရင်းနှီး မြှုပ်နှံမှု ဥပဒေဖြင့် ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုတင်ပြခြင်းအား သဘောတူကြောင်းနှင့် ခွင့်ပြုမိန့် ထုတ်ပေးရန်၊	မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၊
(ဆ) ရခိုင်နှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် INTERIDGE Company Limited ၏ အလှဆင်စီကွင့်(မ်)များကို CMP စနစ်ဖြင့်ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုကြောင်းနှင့် ခွင့်ပြုမိန့်ထုတ်ပေးရန်၊	မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၊
(ဇ) Kokant Swe Electric Manufacturing Co., Ltd ၏ B.O.O စနစ်ဖြင့် ချားဟော်အသေးစား ရေအားလျှပ်စစ် (၂၄၀၀ ကေဗွီအေ) ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ရန် အဆိုပြုချက်တင်ပြခြင်းအား သက်ဆိုင်ရာ ပြည်နယ် အစိုးရထံမှ ခွင့်ပြုချက်ရယူ၍ ဆက်လက် ဆောင်ရွက်ရန်၊	မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၊
(ဈ) Kaung Mon (Magway) Construction Co., Ltd ၏ မကွေး-မင်းဘူး-ပွင့်ဖြူ လမ်းအပိုင်း ၃၄ မိုင် ၂ ဖာလုံ အား BOT စနစ်ဖြင့် လမ်းအဆင့်မြှင့်တင်တိုးချဲ့ တည်ဆောက်၍ လမ်းအသုံးပြုခကောက်ခံခြင်း လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ခွင့်အား သဘောတူခွင့်ပြုရန်၊	မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၊
(ည) Paw San Rice International Co., Ltd ၏ ဧရာဝတီတိုင်း ဒေသကြီး၊ ဖျာပုံခရိုင်၊ ဒေးဒရဲမြို့နယ်တွင် တစ်ရက်လျှင် စပါးတန် ၅၀၀ ကြိတ်ခွဲနိုင်သည့် နိုင်ငံတကာ အဆင့်မီ ဆန်စက်တည်ထောင်၍ အဆင့်အတန်းမြင့် ပြုတ်ဆန် ထုတ်လုပ်ခြင်း လုပ်ငန်းကို ဆောင်ရွက်ခွင့်ပြုရန် သဘောတူကြောင်းနှင့် ခွင့်ပြုမိန့် ထုတ်ပေးရန်၊	မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၊

Kaung Mon (Magway) Construction Co., Ltd. မှ မကွေး-မင်းဘူး-ပွင့်ဖြူ လမ်းအပိုင်း (၃၄)မိုင်(၂)ဖာလုံ အား BOT စနစ်ဖြင့် လမ်းအဆင့်မြှင့်တင် တိုးချဲ့ တည်ဆောက်၍ လမ်း အသုံးပြုခ ကောက်ခံခြင်း လုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ခွင့် နှင့် စပ်လျဉ်းသည့် အဓိကအချက်များ

၁။	ကုမ္ပဏီအမည်	- Kaung Mon (Magway) Construction Co., Ltd.
၂။	လုပ်ငန်းအဆိုပြုသူအမည်	- ဦးစိန်ငွေး(အဘ-ဦးတန်အိကုန်း) (မန်နေဂျင်းဒါရိုက်တာ)
၃။	အဖွဲ့အစည်းပုံသဏ္ဌာန်	- လီမိတက်ကုမ္ပဏီ(Private Company ဖြစ်ပါသည်။)
၄။	အဆိုပြုလုပ်ငန်းအမျိုးအစား	- မကွေး-မင်းဘူး-ပွင့်ဖြူလမ်းအပိုင်း(၃၄)မိုင်(၂)ဖာလုံအား BOTစနစ်ဖြင့် လမ်းအဆင့်မြှင့်တင် တိုးချဲ့တည်ဆောက်၍ လမ်းအသုံးပြုခ ကောက်ခံခြင်း လုပ်ငန်း
၅။	လုပ်ငန်းတည်နေရာ / မြေအကျယ်အဝန်း	- မကွေး-မင်းဘူး-ပွင့်ဖြူလမ်းအပိုင်း(၃၄)မိုင်(၂)ဖာလုံ၊ မကွေးတိုင်းဒေသကြီး။
၆။	ရင်းနှီးမြှုပ်နှံမှုပမာဏ ငွေသား စက်ပစ္စည်းကိရိယာများ ကုန်ကြမ်း အဆောက်အဦများ ပရိဘောဂနှင့်လုပ်ငန်းသုံး ပစ္စည်းများ	- **ကျပ် ၃၂၂၀.၆၆ သန်း (US$ ၃.၂၀ သန်း အပါအဝင်)** ကျပ် ၄၂၅.၂၂ သန်း ကျပ် ၇၉၈.၀၀ သန်း (US$ ၀.၉၅ သန်း) ကျပ် ၁၈၉၀.၀၀ သန်း (US$ ၂.၂၅ သန်း) ကျပ် ၁၀၄.၀၀ သန်း ကျပ် ၃.၄၄ သန်း
၇။	ရင်းနှီးမြှုပ်နှံမှုသက်တမ်း	- ကနဦးနှစ်(၄၀)နှင့် နောက်ထပ် (၅)နှစ် (၃)ကြိမ်
၈။	တည်ဆောက်ရေးကာလ	- ၃ နှစ်
၉။	နိုင်ငံတော်မှ ရရှိမည့် အကျိုးအမြတ် ဝင်ငွေခွန် လမ်းဖြတ်သန်းခ	- ကျပ် ၅.၄၉ သန်း - ကျပ် ၉.၇၀ သန်း
၁၀။	လုပ်သားအင်အား(ပြည်တွင်း/ပြည်ပ) - ပြည်တွင်း - ပြည်ပ	- (၃၃)ဦး - (၂) ဦး
၁၁။	ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း နှင့် ကုမ္ပဏီတို့ ချုပ်ဆိုမည့် ပဋိညာဉ်စာချုပ်	- လမ်းဖောက်လုပ်သည့် လုပ်ငန်း ကာလ (တည်ဆောက်ရေးကာလ)မှာ(၃)နှစ်ဖြစ်ပါသည်။(စာချုပ်အပိုဒ် ၈(၁)) - လုပ်ငန်း သက်တမ်း ကာလမှာ နှစ်(၄၀) ဖြစ်ပြီး နှစ်ဖက်

	(မူကြမ်း)ပါ အဓိကအချက်များ	သဘောတူပါက တစ်ကြိမ်လျှင် (၅)နှစ်စီ ဖြင့် (၃)ကြိမ် တိုးမြှင့်နိုင်သည်။ လုပ်ငန်း သက်တမ်း ကာလကို ရေတွက်ရာတွင် ခွင့်ပြုသတ်မှတ်ထားသည့် လုပ်ငန်း ကာလ (၃)နှစ် အထိ စီမံကိန်း လုပ်ငန်းပါ ဆောင်ရွက်ရ မည့် လုပ်ငန်းများကို အပြီး ဆောင်ရွက်ပြီးစီးသည့်နေ့ (သို့မဟုတ်) လုပ်ငန်း ကာလ (၃)နှစ်ထက်စော၍ ပြီးစီး ပြီး လုပ်ငန်းအပြီးသတ် ဆောင်ရွက်ပြီးစီးမှု လက်မှတ် ထုတ်ပေးသည့် နေ့ရက်၊ ထိုနှစ်ရပ် အနက် စောရာ နေ့ရက် ကာလမှ စတင် သတ်မှတ်မည် ဖြစ်ပါသည်။ [စာချုပ်အပိုဒ် ၂၃(ခ/ဂ)] - ခွင့်ပြုထားသော လမ်းအပိုင်းပေါ်ရှိ တံတားများ အသုံး ပြုခကို ကောက်ခံရာတွင် ပေ(၁၈၀) နှင့် အထက် ရှည် သည့် တံတားများ အတွက် နိုင်ငံတော်မှ တည်ဆောက် ထားသော တံတားများအား လေလံ စနစ်ဖြင့် လည်း ကောင်း၊ သက်ဆိုင်ရာ ကုမ္ပဏီ၏ ရန်ပုံငွေဖြင့် တည် ဆောက်သော တံတားများ အတွက် ဌာန နှင့် ကုမ္ပဏီ တို့၏ ညှိနှိုင်း သဘောတူညီသည့် နှုန်းထားဖြင့်သာ ကောက်ခံမည် ဖြစ်ပါသည်။ (စာချုပ်အပိုဒ်၈-ခ(၁)) - စတင်ကောက်ခံသည့် ပထမ(၃)နှစ် ကာလ အတွက် လမ်း အသုံးပြုခမှ နိုင်ငံတော်သို့ ပေးသွင်းခြင်းကို ကင်းလွတ်ခွင့်ပြုသည်။ ကျန်ကာလ အတွက် အောက်ပါ သတ်မှတ်ထားသည့် ရာခိုင်နှုန်းများအတိုင်း နိုင်ငံတော် သို့ ပေးသွင်းရမည် ဖြစ်ပါ သည်။ (စာချုပ်အပိုဒ် ၅-ပ) (၁) ပထမ (၃)နှစ်အတွက် — ကင်းလွတ်ခွင့်ကာလ (၂) (၄)နှစ်မြောက်မှ(၁၃)နှစ် မြောက်အထိ (၁၀)နှစ် — ၅% ပေးသွင်းရန် (၃) (၁၄)နှစ်မြောက်မှ(၂၃)နှစ် မြောက်အထိ(၁၀)နှစ် — ၁၀% ပေးသွင်းရန် (၄) (၂၄)နှစ်မြောက်မှ(၃၃)နှစ် မြောက်အထိ (၁၀)နှစ် — ၁၅% ပေးသွင်းရန်

(၅) (၃၄)နှစ်မြောက်မှ(၄၀)နှစ်မြောက်အထိ (၇)နှစ် ၂၀% ပေးသွင်းရန်

(၆) ၄၀ နှစ်ကျော် ကာလ အတွက် အချိန်တိုးမြှင့် ကောက်ခံခွင့် တင်ပြချိန်တွင် နိုင်ငံတော်မှ သတ်မှတ်ပေးသည့် ရာခိုင်နှုန်းအတိုင်း ပေးသွင်းရန် ဖြစ်ပါ သည်။

- ကုမ္ပဏီမှ ဘဏ်အာမခံကြေးငွေ အဖြစ် စာချုပ် ချုပ်ဆိုပြီး (၃၀)ရက်အတွင်း ရင်းနှီးမြှုပ်နှံမှု ကုန်ကျစရိတ် ၏ (၁)ရာခိုင်နှုန်း နှင့် ညီမျှသောငွေကို ထားရှိပေးရ မည်။ ယင်းသက်တမ်းသည် စတင် ထုတ်ပေးသည့် နေ့မှ လုပ်ငန်း ပြီးဆုံးအောင် ဆောင်ရွက်သည့်အထိ ဖြစ်ပါသည်။ ကုမ္ပဏီသည် လုပ်ငန်း စတင်ရန် အကြောင်းကြားစာရပြီး ရက် (၃၀) အတွင်း လုပ်ငန်း စတင်ရန် ပျက်ကွက်လျှင် သော်လည်းကောင်း၊ သတ်မှတ် ကာလ အတွင်း လုပ်ငန်းကို ပြီးစီးအောင် ဆောင်ရွက်ရန် အပါအဝင် စာချုပ်ပါ စည်းကမ်းချက်များကို လိုက်နာရန် ပျက်ကွက်ပါက ဘဏ် အာမခံငွေကို ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းမှ သိမ်းယူရမည် ဖြစ်ပါသည်။ ဘဏ် အာမခံငွေကို လုပ်ငန်း အပြီးသတ်ဆောင်ရွက်ပြီးစီးမှု လက်မှတ် ထုတ်ပေးပြီး ရက်ပေါင်း (၃၀)အတွင်း ကုမ္ပဏီသို့ ပြန်လည် ထုတ်ပေးရမည်။ (စာချုပ်အပိုဒ် -၆)

- ကုမ္ပဏီသည် ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း ၏ စာဖြင့် ရေးသားထားသော ခွင့်ပြုချက် မရဘဲ လုပ်ငန်းကို လွှဲပြောင်းခြင်း၊ လုပ်ငန်း တစ်စိတ် တစ်ဒေသကို ထပ်ဆင့် ငှါးရမ်းခြင်း မပြုရ။ (စာချုပ်အပိုဒ် ၅-ထ)

- လုပ်ငန်း စတင်သည့်နေ့သည် လုပ်ငန်း လုပ်ကိုင်ခွင့်ပြုသူ (ဌာန)မှ လုပ်ငန်း စတင်ရန် လုပ်ငန်း လုပ်ကိုင်ခွင့်ရသူ (ကုမ္ပဏီ) သို့ အကြောင်းကြားသည့်နေ့ ဖြစ်သည်။ (စာချုပ်အပိုဒ် ၉-ခ)

		- လုပ်ငန်း လုပ်ကိုင်ခွင့်ပြုသည့် ကာလ နှစ် (၄၀) (သို့မဟုတ်) လုပ်ငန်း ဆက်လက် လုပ်ကိုင်ရန် နောက်ထပ် တိုးမြှင့်သော ကာလများ ပြီးဆုံးပါက အဆိုပါ လမ်း နှင့် တံတားများ၊ ဂိတ်များ နှင့် အဆောက်အဦများ ကို ဖောက်လုပ် ပြီးစီးချိန်က ရှိနေသော ကောင်းမွန်သည့် အနေအထား အတိုင်း ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း သို့ အဖိုးစားနား တစ်စုံတစ်ရာ မရှိဘဲ လွှဲပြောင်း ပေးရမည် ဖြစ်ပါသည်။ (စာချုပ်အပိုဒ် -၂၀)
၁၂။	စိစစ်တွေ့ရှိချက်	- အဆိုပြုလမ်း စီမံကိန်း အတွက် လမ်းအသုံးပြုခ ကို မင်းဘူးဂိတ် နှင့် ပွင့်ဖြူဂိတ် တို့တွင် ကောက်ခံမည် ဖြစ်ပါသည်။ အဆိုပြုလမ်း စီမံကိန်းတွင် ကုမ္ပဏီမှ တည်ဆောက်သော ပေ ၁၈၀ အထက် တံတား မရှိကြောင်း ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တင်ပြထားပါသည်။

ကန့်သတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

စာအမှတ်၊ ရက- ၆(က)/မ- ၁၃၄၆ / ၂၀၁၃(၈၄၇၆)

ရက်စွဲ၊ ၂၀၁၃ ခုနှစ် ဩဂုတ်လ ၂ ရက်

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့ တင်ပြသည့်

အမှာစာ

အကြောင်းအရာ။ **Kaung Mon (Magway) Construction Co., Ltd. မှ မကွေး-မင်းဘူး-ပွင့်ဖြူ လမ်းအပိုင်း(၃၄)မိုင်(၂)ဖာလုံအား BOT စနစ်ဖြင့် လမ်းအဆင့်မြှင့်တင်တိုးချဲ့ တည်ဆောက်၍ လမ်းအသုံးပြုခ ကောက်ခံခြင်း လုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် ဆောက်လုပ်ရေး ဝန်ကြီးဌာနမှ တစ်ဆင့် အဆိုပြုချက် တင်ပြခြင်း ကိစ္စ**

၁။ မြန်မာကုမ္ပဏီဖြစ်သော Kaung Mon (Magway) Construction Co., Ltd. မှ မကွေး-မင်းဘူး-ပွင့်ဖြူ လမ်းအပိုင်း(၃၄)မိုင် (၂)ဖာလုံအား BOT စနစ်ဖြင့် လမ်းအဆင့်မြှင့်တင်တိုးချဲ့ တည်ဆောက်၍ လမ်းအသုံးပြုခ ကောက်ခံခြင်း လုပ်ငန်း ဆောင်ရွက်ခွင့် ပြုပါရန် ရင်းနှီး မြှုပ်နှံသူ ဦးစိန်ငွေး (အဘ-ဦးတန်အိကုန်း)မှ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တစ်ဆင့် တင်ပြခြင်းကို လက်ခံရရှိခဲ့ပါသည်။

၂။ အဆိုပြုလမ်းစီမံကိန်းအတွက် လမ်းအသုံးပြုခများကို မင်းဘူးဂိတ်၊ ပွင့်ဖြူဂိတ်တို့တွင် ကောက်ခံမည် ဖြစ်ပါသည်။ အဆိုပြု လမ်းစီမံကိန်းတွင် ကုမ္ပဏီမှ တည်ဆောက်သော ပေ ၁၈၀ အထက် တံတား မရှိပါကြောင်း ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်းမှ တင်ပြထားပါသည်။

၃။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်းနှင့် ကုမ္ပဏီတို့ ပြည်ထောင်စု ရှေ့နေချုပ်ရုံး၏ သဘောထားနှင့်အညီ ချုပ်ဆိုမည့် ပဋိညာဉ်စာချုပ်(မူကြမ်း)ပါ အဓိက အချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) လမ်းဖောက်လုပ်သည့် လုပ်ငန်းကာလ(တည်ဆောက်ရေးကာလ)မှာ (၃)နှစ် ဖြစ်ပါသည်။[စာချုပ်အပိုဒ် ၉-၇(၁)]

(ခ) လုပ်ငန်း သက်တမ်းကာလမှာ နှစ်(၄၀)ဖြစ်ပြီး နှစ်ဖက်သဘောတူပါက တစ်ကြိမ်လျှင် (၅)နှစ်စီဖြင့် (၃)ကြိမ်တိုးမြှင့်နိုင်သည်။ လုပ်ငန်းသက်တမ်းကာလကို ရေတွက်ရာတွင် ခွင့်ပြု သတ်မှတ်ထားသည့် လုပ်ငန်းကာလ(၃)နှစ် အထိ စီမံကိန်း လုပ်ငန်းပါ ဆောင်ရွက်ရမည့် လုပ်ငန်းများကို အပြီး ဆောင်ရွက်ပြီးစီးသည့်နေ့ (သို့မဟုတ်) လုပ်ငန်းကာလ(၃)နှစ်ထက်စော၍ပြီးစီးပြီး လုပ်ငန်းအပြီးသတ် ဆောင်ရွက်ပြီးစီးမှု လက်မှတ် ထုတ်ပေးသည့်နေ့ရက်၊ ထိုနှစ်ရက်အနက် စောရာ နေ့ရက်ကာလမှ စတင် သတ်မှတ်မည် ဖြစ်ပါသည်။ [စာချုပ်အပိုဒ် ၂၃(ခ/၇)]

ကန့်သတ်

(ဂ) အဆိုပြု ကုမ္ပဏီမှ အောက်ပါ လမ်း-တံတား အသုံးပြုခ နှုန်းထားများအတိုင်း ကောက်ခံမည် ဖြစ်ပါသည်-(စာချုပ်အပိုဒ် ၈-က)

စဉ်	ယာဉ်အမျိုးအစား	လမ်းအသုံးပြုခ တစ်မိုင်နှုန်း
၁။	သုံးဘီးဆိုင်ကယ်	၅ ကျပ်
၂။	ထော်လာဂျီ(ဒိန်းဒေါင်း)၊ ဆလွန်း၊ ဗင်၊ (၂)တန်အောက်	၅ ကျပ်
၃။	Farm Truck (၂ လုံး ထိုး)၊ Double Cab၊ Pajero၊ Parado၊ Micro Bus ၊ Super Custom ခရီးသည်ယာဉ်(လတ်)	၁၅ ကျပ်
၄။	ဟိုင်းလတ်၊ လိုက်ထရပ်(သေး)	၂၀ ကျပ်
၅။	ဒိုင်နာ၊ ကင်တာ(လတ်) လိုက်ထရပ်(လတ်)(၄)ဘီးကား	၂၀ ကျပ်
၆။	Farm Truck (၄ လုံးထိုး)	၃၀ ကျပ်
၇။	ဒိုင်နာ၊ ကင်တာ၊ လိုက်ထရပ် (ကိုယ်ထည်အလျား= ၁၅ ပေအောက်)(၆)ဘီးကား၊ Mini Bus ခရီးသည် (၂၄)ဦး၊ ဟီးနိုး(သေး)(၂၅)ဦး	၃၀ ကျပ်
၈။	ဒိုင်နာ၊ ကင်တာ(ကြီး)၊ (ကိုယ်ထည် အလျား = ၁၅ ပေ အထက်)(၆)ဘီး	၇၅ ကျပ်
၉။	BM ခရီးသည်တင်ယာဉ်(လတ်)ခရီးသည်(၂၆ မှ ၃၅)ဦးထိ	၃၀ ကျပ်
၁၀။	ဟီးနိုး၊ ကာကို၊ နီဆန်း၊ ကွန်တို(၆)ဘီးကား (ကုန်တင်ယာဉ်)	၁၀၀ ကျပ်
၁၁။	TE 11၊ TE 21၊ GMC၊ Fuso၊ UD ကောင်တာ (၆)ဘီးကား၊ (ကုန်တင် ယာဉ်)	၁၀၀ ကျပ်
၁၂။	ဟီးနိုး/ဟွန်ဒိုင်း/ဒေဝူးခရီးသည်တင်ယာဉ်(ကြီး)၊ (ခရီးသည် ၃၆ မှ ၄၅)ဦးထိ	၅၀ ကျပ်
၁၃။	ခရီးသည်တင်မှန်လုံယာဉ်ကြီး (ခရီးသည် ၄၆ ဦးနှင့်အထက်)	၅၅ ကျပ်
၁၄။	(၆)ဘီးကား၊ ဝင်ရိုး(၂)ခုပါ ကုန်တင်ယာဉ်ကြီး	၁၀၀ ကျပ်
၁၅။	(၈)ဘီးကား၊ ဝင်ရိုး(၃)ခုပါ ကုန်တင်ယာဉ်ကြီး	၁၁၅ ကျပ်
၁၆။	(၁၀)ဘီးကား၊ ဝင်ရိုး(၃)ခုပါ ကုန်တင်ယာဉ်ကြီး	၁၂၅ ကျပ်
၁၇။	(၁၂)ဘီးကား၊ ဝင်ရိုး(၄)ခုပါ ကုန်တင်ယာဉ်ကြီး	၁၅၀ ကျပ်
၁၈။	(၁၄)ဘီးကား၊ ဝင်ရိုး(၅)ခု(Lift Axel)ပါ ကုန်တင်ယာဉ်ကြီး(ဘီးအားလုံးလမ်းပေါ်ချ၍ မောင်းနှင်ရမည်)	၁၇၅ ကျပ်
၁၉။	(၁၄)ဘီးတွဲကား၊ ဝင်ရိုး(၄)ခုပါ ကုန်တင်ယာဉ်ကြီး (နောက်တွဲပါ)	၂၀၀ ကျပ်

စဉ်	ယာဉ်အမျိုးအစား	လမ်းအသုံးပြုခ တစ်မိုင်နှုန်း
၂၀။	(၁၈)ဘီးတွဲကား၊ ဝင်ရိုး(၅)ခုပါ ကုန်တင်ယာဉ်ကြီး (နောက်တွဲပါ)	၃၀၀ ကျပ်
၂၁။	(၂၂)ဘီးတွဲကား၊ ဝင်ရိုး(၆)ခုပါ ကုန်တင်ယာဉ်ကြီး (နောက်တွဲပါ)	၃၅၀ ကျပ်
၂၂။	အမှတ်စဉ်(၁၀)မှ(၂၁)အတွင်းပါရှိသောကုန်တင်ယာဉ် များသာ ကုန်မပါ အလွတ်ဖြစ်ပါက	၁၀၀ ကျပ်

(ဃ) ခွင့်ပြုထားသော လမ်းအပိုင်းပေါ်ရှိ တံတားများ အသုံးပြုခကို ကောက်ခံရာတွင် ပေ (၁၈၀)နှင့် အထက်ရှည်သည့် တံတားများအတွက် နိုင်ငံတော်မှ တည်ဆောက် ထားသော တံတားများအား လေလံစနစ်ဖြင့် လည်းကောင်း၊ သက်ဆိုင်ရာ ကုမ္ပဏီ၏ ရန်ပုံငွေဖြင့် တည်ဆောက်သော တံတားများအတွက် ဌာနနှင့် ကုမ္ပဏီတို့၏ ညှိနှိုင်း သဘောတူညီသည့် နှုန်းထားဖြင့်သာ ကောက်ခံ မည် ဖြစ်ပါသည်။ [စာချုပ်အပိုဒ် ၈-ခ(၁)]

(င) စတင်ကောက်ခံသည့် ပထမ(၃)နှစ် ကာလအတွက် လမ်းအသုံးပြုခမှ နိုင်ငံတော်သို့ ပေးသွင်းခြင်းကို ကင်းလွတ်ခွင့်ပြုသည်။ ကျန်ကာလအတွက် အောက်ပါ သတ်မှတ်ထားသည့် ရာခိုင်နှုန်းများအတိုင်း နိုင်ငံတော်သို့ ပေးသွင်းရမည် ဖြစ်ပါသည်။

(စာချုပ်အပိုဒ် ၅-ပ)

(၁)	ပထမ (၃)နှစ်အတွက်	ကင်းလွတ်ခွင့်ကာလ
(၂)	(၄)နှစ်မြောက်မှ(၁၃)နှစ်မြောက်အထိ(၁၀)နှစ်	၅ % ပေးသွင်းရန်
(၃)	(၁၄)နှစ်မြောက်မှ(၂၃)နှစ်မြောက်အထိ(၁၀)နှစ်	၁၀ % ပေးသွင်းရန်
(၄)	(၂၄)နှစ်မြောက်မှ(၃၃)နှစ်မြောက်အထိ(၁၀)နှစ်	၁၅ % ပေးသွင်းရန်
(၅)	(၃၄)နှစ်မြောက်မှ(၄၀)နှစ်မြောက်အထိ(၇)နှစ်	၂၀ % ပေးသွင်းရန်

(၆) ၄၀နှစ်ကျော် ကာလအတွက် အချိန်တိုးမြှင့် ကောက်ခံခွင့် တင်ပြချိန်တွင် နိုင်ငံတော်မှ သတ်မှတ်ပေးသည့် ရာခိုင်နှုန်းအတိုင်း ပေးသွင်းရန် ဖြစ်ပါသည်။

(စ) ကုမ္ပဏီမှ ဘဏ်အာမခံကြေးငွေအဖြစ် စာချုပ်ချုပ်ဆိုပြီး (၃၀)ရက်အတွင်း ရင်းနှီးမြှုပ်နှံမှု ကုန်ကျစရိတ်၏ (၁)ရာခိုင်နှုန်းနှင့် ညီမျှသော ဘဏ် အာမခံငွေကို ဌာနသို့ ပေးအပ်ရမည်။ ဘဏ်အာမခံသက်တမ်းသည် စတင်ထုတ်ပေးသည့်နေ့မှ လုပ်ငန်းပြီးဆုံးအောင် ဆောင်ရွက်သည်အထိ ဖြစ်ပါသည်။ ကုမ္ပဏီသည် လုပ်ငန်း စတင်ရန် အကြောင်းကြားစာရပြီး ရက် (၃၀) အတွင်း လုပ်ငန်း စတင်ရန် ပျက်ကွက်လျှင်သော်လည်းကောင်း၊ သတ်မှတ်ကာလအတွင်း လုပ်ငန်းကို ပြီးစီးအောင် ဆောင်ရွက်ရန် အပါအဝင် စာချုပ်ပါ စည်းကမ်းချက်များကို လိုက်နာရန် ပျက်ကွက်ပါက ဘဏ်

အာမခံငွေကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ သိမ်းယူရမည် ဖြစ်ပါသည်။ ဘဏ်အာမခံငွေကို လုပ်ငန်း အပြီးသတ် ဆောင်ရွက်ပြီးစီးမှု လက်မှတ်ထုတ်ပေးပြီး ရက်ပေါင်း(၃၀) အတွင်း ကုမ္ပဏီသို့ ပြန်လည်ထုတ်ပေးရမည်။ (စာချုပ်အပိုဒ်-၆)

(ဆ) ကုမ္ပဏီသည် ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း၏ စာဖြင့် ရေးသားထားသော ခွင့်ပြုချက် မရဘဲ လုပ်ငန်းကို လွှဲပြောင်းခြင်း၊ လုပ်ငန်းတစ်စိတ် တစ်ဒေသကို ထပ်ဆင့် ငှားရမ်းခြင်း မပြုရ။ (စာချုပ်အပိုဒ် ၅-ထ)

(ဇ) လုပ်ငန်းစတင်သည့်နေ့သည် လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ(ဌာန)မှ လုပ်ငန်း စတင်ရန် လုပ်ငန်း လုပ်ကိုင်ခွင့်ရသူ (ကုမ္ပဏီ)သို့ အကြောင်းကြားသည့်နေ့ ဖြစ်သည်။ (စာချုပ်အပိုဒ် ၉-ခ)

(ဈ) လုပ်ငန်း လုပ်ကိုင်ခွင့်ပြုသည့် ကာလ နှစ်(၄၀)(သို့မဟုတ်) လုပ်ငန်း ဆက်လက်လုပ်ကိုင်ရန် နောက်ထပ် တိုးမြှင့်သော ကာလများ ပြီးဆုံးပါက အဆိုပါလမ်းနှင့် တံတားများ၊ ဂိတ်များနှင့် အဆောက်အဦများကို ဖောက်လုပ်ပြီးစီးချိန်က ရှိနေသော ကောင်းမွန်သည့် အနေအထားအတိုင်း ပြည်သူ့ ဆောက်လုပ်ရေး လုပ်ငန်းသို့ အဖိုးစားနား တစ်စုံတစ်ရာ မရှိဘဲ လွှဲပြောင်းပေးရမည် ဖြစ်ပါသည်။(စာချုပ်အပိုဒ်-၂၀)

၄။ လုပ်ငန်းအဆိုပြုချက်ကို **(နောက်ဆက်တွဲ-က)** ဖြင့် ဖော်ပြထားပါသည်။ လုပ်ငန်း၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ (၃.၂၀)သန်း အပါအဝင် စုစုပေါင်း ကျပ် (၃၂၂၀.၆၆)သန်း ဖြစ်ပါသည်။ လုပ်ငန်းအတွက် လိုအပ်သော စက်ပစ္စည်းများ အမေရိကန်ဒေါ်လာ (၀.၉၅)သန်းဖိုးနှင့် လုပ်ငန်းသုံး ကုန်ကြမ်းပစ္စည်းများ အမေရိကန်ဒေါ်လာ (၂.၂၅)သန်းဖိုးတို့အား ပြည်ပမှ ဝယ်ယူမည် ဖြစ်ပြီး ရင်းနှီးမြှုပ်နှံမည့် အခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

ကျပ်သန်း

(က)	ငွေသား	၄၂၅.၂၂
(ခ)	စက်ပစ္စည်းကိရိယာများ	၇၉၈.၀၀ (US$ ၀.၉၅ သန်း)
(ဂ)	ကုန်ကြမ်းပစ္စည်းများ	၁၈၉၀.၀၀ (US$ ၂.၂၅ သန်း)
(ဃ)	အဆောက်အဦများ	၁၀၄.၀၀
(င)	ပရိဘောဂနှင့်လုပ်ငန်းသုံး ပစ္စည်းများ	၃.၄၄

စုစုပေါင်းရင်းနှီးမြှုပ်နှံမှု ၃၂၂၀.၆၆ သန်း (US$ ၃.၂၀ သန်း အပါအဝင်)

၅။ အဆိုပြုလုပ်ငန်းတွင် ပြည်တွင်းမှ လုပ်သား(၃၃)ဦး၊ ပြည်ပမှ (၂)ဦး ခန့်ထားမည် ဖြစ်ပါသည်။ ပြည်တွင်း ဝန်ထမ်း(၁)ဦး၏ အနိမ့်ဆုံး လစာမှာ တစ်လလျှင် ၄၅,၀၀၀ ကျပ် ဖြစ်ပါသည်။

၆။ လုပ်ငန်းကို ဆောင်ရွက်ခြင်းဖြင့် ပုံမှန်နှစ် (၇)နှစ်မြောက်တွင် ရရှိမည့် ဝင်ငွေနှင့် အသုံးစရိတ် ခန့်မှန်းခြေမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

ကျပ်သန်း

(က)	ဝင်ငွေ	၁၉၄.၀၈
(ခ)	အသုံးစရိတ်	၁၇၇.၆၁
(ဂ)	အသားတင်အမြတ်	၁၆.၄၇

၇။ လုပ်ငန်းဆောင်ရွက်ခြင်းဖြင့် ပုံမှန်နှစ် (၇)နှစ်မြောက်တွင် နိုင်ငံတော်မှ ရရှိမည့် အကျိုးအမြတ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ဝင်ငွေခွန်	ကျပ်	၅.၄၉ သန်း
(ခ) လမ်းဖြတ်သန်းခ	ကျပ်	၉.၇၀ သန်း

၈။ လုပ်ငန်း၏ အရင်းကြေကာလမှာ(၂၈)နှစ် နှင့် (၁၀)လ ဖြစ်ပြီး အရင်းအနှီးပေါ် အကျိုးအမြတ် ပြန်ပေါ်နှုန်း (IRR)မှာ ၂.၁၂ % ဖြစ်ပါသည်။

၉။ ငွေကြေးဆိုင်ရာ အထောက်အထားအဖြစ် (၈-၇-၂၀၁၃)နေ့ ရက်စွဲဖြင့် ဒါရိုက်တာ ဦးသန်းအောင် နှင့် ဦးသက်ဝင်းအမည်ဖြင့် ကမ္ဘောဇဘဏ်ရှိ ငွေလက်ကျန် ကျပ်(၂၁၄.၂၅)သန်း၊ MOB ဘဏ်ရှိ ငွေလက်ကျန် ကျပ်(၄၂၅.၀၀)သန်း၊ ကမ္ဘောဇဘဏ်ရှိ ဦးစိန်ဌေးအမည်ဖြင့် ကျပ်(၆၇၇.၀၀)သန်း စုစုပေါင်း ကျပ်(၁၃၁၆.၂၅)သန်း တင်ပြထားရာ သုံးစွဲရမည့် စုစုပေါင်း ကျပ်(၅၃၂.၆၆)သန်းထက် ကျော်လွန် တင်ပြထားကြောင်း တွေ့ရှိရပါသည်။ နိုင်ငံခြားငွေ အထောက်အထားအဖြစ် အုပ်ချုပ်မှု ဒါရိုက်တာ ဦးစိန်ဌေး အမည်ဖြင့် MICB ဘဏ်ရှိ (၂-၇-၂၀၁၃)နေ့ ငွေလက်ကျန် US$ (၁၂၈၀၆၄.၉၇) တင်ပြထားရာ သုံးစွဲရမည့် US$ (၃.၂၀)သန်း၏ ၄ % ရှိကြောင်း စိစစ်တွေ့ရှိရပါသည်။

၁၀။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ကောင်းမွန် (မကွေး) ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်အား မကွေး-မင်းဘူး-ပွင့်ဖြူလမ်းအပိုင်း (၃၄/၂)မိုင်အား BOT စနစ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် (၉-၅-၂၀၁၂)နေ့တွင် ကျင်းပ ပြုလုပ်သည့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေး အမှတ်စဉ် (၁၅/၂၀၁၂) မှ သတ်မှတ်ပေးသည့် လုပ်ငန်း ကြိုတင် ဆောင်ရွက်ခွင့် မူဝါဒ(၂၄)ချက်နှင့် ပြည့်စုံသည့် အတွက် လုပ်ငန်းကို ကြိုတင်ဆောင်ရွက်ရန် ခွင့်ပြုကြောင်းစာကို တင်ပြထားပါသည်။

၁၁။ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေအခန်း(၁၀)၊ ပုဒ်မ ၂၀ ပါ (က၊ ဂ ၊ ဃ၊ စ၊ ဆ၊ ဇ၊ ဈ၊ ည ၊ ဋ) အရ အခွန်အကောက် ကင်းလွတ်ခွင့် (သို့မဟုတ်) သက်သာခွင့်များကို တင်ပြလျှောက်ထားလာလျှင် ခွင့်ပြုနိုင်မည် ဖြစ်ပါသည်။

၁၂။ သို့ဖြစ်ပါ၍ Kaung Mon (Magway) Construction Co., Ltd. မှ မကွေး-မင်းဘူး-ပွင့်ဖြူ လမ်းအပိုင်း(၃၄)မိုင် (၂)ဖာလုံအား BOT စနစ်ဖြင့် လမ်းအဆင့်မြှင့်တင် တိုးချဲ့ တည်ဆောက်၍ လမ်းအသုံးပြုခ ကောက်ခံခြင်း လုပ်ငန်း ဆောင်ရွက်ခွင့် ပြုပါရန် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တစ်ဆင့် တင်ပြခြင်းအပေါ် လမ်းညွှန်မှု ခံယူအပ်ပါသည်။

ဥက္ကဋ္ဌ(ကိုယ်စား)

(ချိုချိုဝင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်)

မိတ္တူ

ရုံးလက်ခံ

407583

ရက်စွဲ၊ ၂၀၁၃ ခုနှစ်၊ ဇွန်လ ၂၇ ရက်

သို့

အင်ဂျင်နီယာချုပ်
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း

အကြောင်းအရာ။ **တံတားစာရင်းပြန်ကြားပေးပါရန်ကိစ္စ**

၁။ အောက်ပါ ကုမ္ပဏီများ၏ တံတားစာရင်းများအား ကော်မရှင် အစည်းအဝေးသို့ တင်ပြနိုင်ရန် အတွက် ပေးပို့နိုင်ပါရန် အကြောင်းကြား အပ်ပါသည် -

(က) Zaykabar Co., Ltd (လှိုင်သာယာ-ဒလ-တွံတေး-ကော့မှူး-ကွမ်းခြံကုန်း-ဒေးဒရဲ လမ်းပိုင်း ၅၉/၆ မိုင်)

(ခ) Kaung Mon (Magway) Construction Co., Ltd (မကွေး-မင်းဘူး-ပွင့်ဖြူ လမ်းအပိုင်း ၃၄/၂ မိုင်)

(သန့်စင်ကြိုင်)
ညွှန်ကြားရေးမှူး

Bridge.doc

သို့/

ဦးသန့်စင်ကြိုင် (ညွှန်ကြားရေးမှူး)   Fax - 406333

၁။ **ဇေကမ္ဘာကုမ္ပဏီလီမိတက်**

လှိုင်သာ-ဒလ-တွံတေး-ကော့မှူး-ကွမ်းခြံကုန်း-ဒေးဒရဲလမ်း

တံတားအမည်	ဆောက်လုပ်ရေးမှ တည်ဆောက်သော တံတား	ကုမ္ပဏီမှ တည်ဆောက်သော တံတား
ပန်းလှိုင်တံတား	၁၉၄၀' (စီမံကိန်းဝင်နှုန်း)	-
တွံတေးတံတား	၃၅၇၀' (စီမံကိန်းဝင်နှုန်း)	-

၂။ **ကောင်းမွန် (မကွေး) ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်**

မကွေး-မင်းဘူး-ပွင့်ဖြူလမ်း

တံတားအမည်	ဆောက်လုပ်ရေးမှ တည်ဆောက်သော တံတား	ကုမ္ပဏီမှ တည်ဆောက်သော တံတား
ဧရာဝတီတံတား (မကွေး)	၈၉၈၉' (စီမံကိန်းဝင်နှုန်း)	-
မုန်းချောင်းတံတား	၁၃၁၀' (စီမံကိန်းဝင်နှုန်း)	-
မန်းချောင်းတံတား	၉၀၀' (လေလံနှုန်း)	-

မှ

(သိန်းဇော်)
အင်ဂျင်နီယာချုပ်(လမ်း)

D/MIC Fax

Myanmar Investment Commission

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
အဆိုပြုချက် စိစစ်ရေးအဖွဲ့

ဖက်(စ်)၉၅-၆၇-၄၀၆၁၀၆၁
☎-၀၆၇-၄၀၆၁၃၉၊ ၄၀၆၃၆၂

စာအမှတ်၊ရက-၆(က)/မ- ၁၃၄၆ / ၂၀၁၃(၃၃၄၅)
ရက်စွဲ ၊ ၂၀၁၃ ခုနှစ် ဇူလိုင်လ ၈ ရက်

သို့

မန်နေဂျင်းဒါရိုက်တာ
Kaung Mon (Magway) Construction Co., Ltd

အကြောင်းအရာ။ **Kaung Mon (Magway) Construction Co., Ltd မှ မကွေး-မင်းဘူး-ပွင့်ဖြူ လမ်းအပိုင်း (၁၄)မိုင် (၂)ဖာလုံ အား BOT စနစ်ဖြင့် ပြုပြင်ဖောက်လုပ်၍ လမ်း၊ တံတား အသုံးပြုခ ကောက်ခံခြင်း လုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် ဆောက်လုပ်ရေး ဝန်ကြီးဌာန မှ တစ်ဆင့် အဆိုပြုချက် တင်ပြခြင်းကိစ္စ**

ရည်ညွှန်းချက် ။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ (၅-၆-၂၀၁၃) ရက်စွဲပါ စာအမှတ်၊ ၁/ ခွဲ-၂/ထွေ/၂၀၁၃(ကုမ္ပဏီ)(စီ ၅၁၅၂)

၁။ Kaung Mon (Magway) Construction Co., Ltd မှ မကွေး - မင်းဘူး - ပွင့်ဖြူလမ်းအပိုင်း(၁၄)မိုင်(၂)ဖာလုံအား BOTစနစ်ဖြင့် ပြုပြင်ဖောက်လုပ်၍ လမ်း၊ တံတား အသုံးပြုခကောက်ခံခြင်း လုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် ဆောက်လုပ်ရေး ဝန်ကြီးဌာန မှ ရည်ညွှန်းချက်ပါ စာဖြင့် အဆိုပြုချက်တင်ပြခြင်းကို အဆိုပြုချက် စိစစ်ရေးအဖွဲ့၏ (၁၁/၂၀၁၃)(၂၇-၆-၂၀၁၃)အစည်းအဝေးသို့ တင်ပြခဲ့ပါသည်။

၂။ ယင်းအစည်းအဝေး မှ အောက်ပါအတိုင်း ဆုံးဖြတ်ခဲ့ပါသည်-

(က) ကုမ္ပဏီမှ ဝန်ထမ်းများ၏ တစ်နှစ် လစာငွေ ကျပ် (၁၄၄၀၀၀၀) အထက် ရရှိသော ဝန်ထမ်းများ၏ ဝင်ငွေခွန်ကို သတ်မှတ်ထားသည့် နှုန်းထားများ အတိုင်း ကုမ္ပဏီ မှ ပေးဆောင် သွားမည် ဖြစ်ကြောင်း ဝန်ခံ ကတိပြုချက် တင်ပြရန်၊

(ခ) စက်ပစ္စည်း စာရင်းတွင် ဖော်ပြထားသော လူစီး မော်တော်ယာဉ်များအား ပြည်တွင်း မှ ဝယ်ယူရန်၊

(ဂ) မီးဘေးကြိုတင် ကာကွယ်ရေး စီမံချက် နှင့် လုပ်ငန်းခွင် သာယာရေး နှင့် ဝန်ထမ်း သက်သာချောင်ချိရေး စီမံချက် တင်ပြပေးရန်၊

(ဃ) ငွေကြေး အထောက်အထားအား အဆိုပြုလွှာ တင်ပြစဉ် မတိုင်မီ (၃)လ အတွင်းရှိ ဘဏ်ငွေ လက်ကျန်အခြေအနေ တင်ပြပေးရန်၊

(င) နောက်ဆက်တွဲ (၆) Profit & Loss ဇယားတွင် ဖော်ပြထားသော Administration Cost နှင့် Depreciation တွက်ချက်မှုတို့အား အသေးစိတ် စာရင်းများ ဖော်ပြပေးပါရန်၊

(စ) Machinery & Equipment ခေါင်းစဉ် အောက်ရှိ အမှတ်စဉ်(၂၀)တွင် ပါရှိ သည့် Machinery Spare Part & Road အား အမျိုးအစားခွဲခြား၍ ရှင်းလင်းစွာ ဖော်ပြရန်၊

(ဆ) Environmental Management Plan ရေးဆွဲတင်ပြရန်၊

(ဇ) အဆိုပြုလမ်းပိုင်း ဆောင်ရွက်ခွင့်အတွက် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ကြိုတင် ခွင့်ပြုမိန့် တင်ပြရန်၊

(ဈ) နောက်ဆက်တွဲ(၅) Toll Fees Income တွက်ချက်မှုအား တိတိကျကျ တွက်ချက် ဖော်ပြရန် နှင့် ဆက်စပ်နေသော တွက်ချက်မှုများအား ပြင်ဆင်ပေးရန်၊

၃။ သို့ဖြစ်ပါ၍အထက်အပိုဒ်(၂)ပါအချက်များအား ပြန်လည်တင်ပြပေးပါရန် အကြောင်းကြား ပါသည်။

အဖွဲ့ခေါင်းဆောင်(ကိုယ်စား)
(ချိုချိုဝင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်)

မိတ္တူ

ရုံးလက်ခံ/ မျှောစာတွဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
အဆိုပြုချက် စိစစ်ရေးအဖွဲ့

ဖက်(စ်) ၉၅-၆၇-၄၀၆၁၆၁
☎-၀၆၇-၄၀၆၁၃၉၊ ၄၀၆၃၆၂

စာအမှတ်၊ ရက-၆(က)/မ- ၁၃၄၆ / ၂၀၁၃(၇၄၅၇)
ရက်စွဲ၊ ၂၀၁၃ ခုနှစ် ဇူလိုင်လ ၉ ရက်

သို့

ပြည်ထောင်စုဝန်ကြီးရုံး
ဆောက်လုပ်ရေးဝန်ကြီးဌာန

အကြောင်းအရာ။ **Kaung Mon (Magway) Construction Co., Ltd မှ မကွေး-မင်းဘူး-ပွင့်ဖြူ လမ်းအပိုင်း (၃၄)မိုင် (၂)ဖာလုံ အား BOT စနစ်ဖြင့် ပြုပြင်ဖောက်လုပ်၍ လမ်း၊ တံတား အသုံးပြုခ ကောက်ခံခြင်း လုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် ဆောက်လုပ်ရေး ဝန်ကြီးဌာန မှ တစ်ဆင့် အဆိုပြုချက် တင်ပြခြင်းကိစ္စ**

၁။ Kaung Mon (Magway) Construction Co., Ltd မှ မကွေး - မင်းဘူး - ပွင့်ဖြူလမ်းအပိုင်း (၃၄)မိုင်(၂)ဖာလုံအား BOTစနစ်ဖြင့် ပြုပြင် ဖောက်လုပ်၍ လမ်း၊ တံတား အသုံးပြုခကောက်ခံခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန်ဆောက်လုပ်ရေးဝန်ကြီးဌာနမှတစ်ဆင့် အဆိုပြုချက်တင်ပြခြင်းကို အဆိုပြုချက် စိစစ်ရေးအဖွဲ့၏ (၁၁/၂၀၁၃) (၂၇-၆-၂၀၁၃) အစည်းအဝေးသို့ တင်ပြဆွေးနွေးခဲ့ရာ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအဖြစ် ဆောင်ရွက်ရန် လက်ခံနိုင်သည့် လုပ်ငန်းဖြစ်ကြောင်း အကြောင်းကြားအပ်ပါသည်။

အဖွဲ့ခေါင်းဆောင်(ကိုယ်စား)
(ချိုချိုဝင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်)

မိတ္တူ

ဦးဆောင်ညွှန်ကြားရေးမှူး
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း

အင်ဂျင်နီယာချုပ်(လမ်း)
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း

မန်နေဂျင်းဒါရိုက်တာ
Kaung Mon (Magway) Construction Co., Ltd.

ရုံးလက်ခံ/မျှောစာတွဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အဆိုပြုချက်စိစစ်ရေးအဖွဲ့

စာအမှတ်၊ရကာ-၆(က)/မ-၁၃၄၆/၂၀၁၃(၆၇၀၆)

ရက်စွဲ ၊ ၂၀၁၃ ခုနှစ် ၊ ဇွန် လ ၂၄ ရက်

အဆိုပြုချက်စိစစ်ရေးအဖွဲ့သို့

တင်ပြသည့် အမှာစာ

အကြောင်းအရာ။ **Kaung Mon (Magway) Construction Co., Ltd မှ မကွေး-မင်းဘူး-ပွင့်ဖြူ လမ်း အပိုင်း (၁၄)မိုင်(၂)ဖာလုံ အား BOT စနစ်ဖြင့် ပြုပြင် ဖောက်လုပ်၍ လမ်း၊ တံတား အသုံးပြုခ ကောက်ခံခြင်း လုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် ဆောက်လုပ်ရေး ဝန်ကြီးဌာန မှ တစ်ဆင့် အဆိုပြုချက် တင်ပြခြင်းကိစ္စ**

၁။ Kaung Mon (Magway) Construction Co., Ltd မှ မကွေး - မင်းဘူး - ပွင့်ဖြူ လမ်းအပိုင်း (၁၄)မိုင် (၂)ဖာလုံ အား BOT စနစ်ဖြင့် ပြုပြင် ဖောက်လုပ်၍ လမ်း၊ တံတား အသုံးပြုခ ကောက်ခံခြင်း လုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် ဆောက်လုပ်ရေးဝန်ကြီးဌာန မှ တစ်ဆင့် တင်ပြခြင်းကို လက်ခံ ရရှိခဲ့ပါသည်။

၂။ အဆိုပြုချက်နှင့် စပ်လျဉ်း၍ ကော်မရှင်ရုံးအဖွဲ့မှ Check List ဖြင့် စိစစ်ခဲ့ပြီး Check List ပါ လိုအပ်ချက်များအား ပြည့်စုံစွာ ထပ်မံပေးပို့ပါရန် ကုမ္ပဏီသို့ ပြောကြားပြီး ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ Kaung Mon (Magway) Construction Co., Ltd မှ မကွေး - မင်းဘူး - ပွင့်ဖြူလမ်း အပိုင်း (၁၄)မိုင် (၂)ဖာလုံအား BOT စနစ်ဖြင့် ပြုပြင် ဖောက်လုပ်၍ လမ်း၊ တံတား အသုံးပြုခ ကောက်ခံခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်အတွက် ကြိုတင် စိစစ်ပေးပါရန် တင်ပြခြင်း အပေါ် အဖွဲ့ဝင်များနှင့် ဌာနများမှ ကြိုတင်စိစစ်ချက်အရ လိုအပ်ချက်များ၊ ပြင်ဆင် ဖြည့်စွက်ရန် ကိစ္စများ၊ လုပ်ထုံး လုပ်နည်းနှင့် မညီညွတ်သည့် ကိစ္စများကို ဆွေးနွေးနိုင်ပါရန် တင်ပြအပ်ပါသည်။

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
(သန့်စင်ကြိုင်၊ ညွှန်ကြားရေးမှူး)

မိတ္တူ - ရုံးလက်ခံ

Kon Mon BAT (memo).doc

Kaung Mon (Magway) Construction Co., Ltd မှ
မကွေး-မင်းဘူး-ပွင့်ဖြူ လမ်းအပိုင်း (၃၄)မိုင်(၂)ဖာလုံ အား BOT စနစ်ဖြင့် ပြုပြင် ဖောက်လုပ်၍
လမ်း၊ တံတား အသုံးပြုခ ကောက်ခံခြင်းလုပ်ငန်း ဆောင်ရွက်ခွင့် နှင့် စပ်လျဉ်းသည့်
အဓိက အချက်များ

၁။ ကုမ္ပဏီအမည် - Kaung Mon (Magway) Construction Co., Ltd

၂။ လုပ်ငန်းအဆိုပြုသူအမည် - ဦးစိန်ရွှေ (မန်နေဂျင်းဒါရိုက်တာ)

၃။ အဆိုပြုလုပ်ငန်းအမျိုးအစား - မကွေး- မင်းဘူး- ပွင့်ဖြူ လမ်းပိုင်း (မကွေး- မင်းဘူး (၅)မိုင် (၂)ဖာလုံ နှင့် မင်းဘူး-ပွင့်ဖြူ (၂၉) မိုင်) စုစုပေါင်း (၃၄)မိုင် (၂)ဖာလုံ အား BOT စနစ်ဖြင့် ပြုပြင် ဖောက်လုပ်၍ လမ်း၊ တံတားအသုံးပြုခကောက်ခံခြင်း လုပ်ငန်း

၄။ လုပ်ငန်းတည်နေရာ - မကွေး - မင်းဘူး - ပွင့်ဖြူလမ်းပိုင်း၊ မကွေးတိုင်းဒေသကြီး (၃၄)မိုင် (၂)ဖာလုံ

၅။ စုစုပေါင်းရင်းနှီးမြှုပ်နှံမှု - ကျပ် ၃၂၂၀.၆၆ သန်း (US$ ၃.၂၀သန်း အပါအဝင်)

- ငွေပမာဏ	ကျပ်	၄၂၅.၂၂ သန်း
- အဆောက်အုံများ	ကျပ်	၁၀၄.၀၀ သန်း
- ပရိဘောဂနှင့်လုပ်ငန်းသုံး ပစ္စည်းများ	ကျပ်	၃.၄၄ သန်း
- စက်ပစ္စည်းကိရိယာများ	ကျပ်	၇၉၈.၀၀ သန်း (US$ ၀.၉၅ သန်း)
- ကုန်ကြမ်းပစ္စည်းများ	ကျပ်	၁၈၉၀.၀၀ သန်း (US$ ၂.၂၅ သန်း)

၆။ ရင်းနှီးမြှုပ်နှံမှု သက်တမ်း - (၄၀)နှစ်

၇။ လမ်းတံတား အသုံးပြုခ ကောက်ခံမည့် ဂိတ်တည်နေရာ - အသွား/အပြန်ခရီးအတွက် မင်းဘူး-ပွင့်ဖြူ-မင်းဘူး

၈။ ဝင်ငွေ (တည်ဆောက်ရေး ကာလပြီး လုပ်ငန်းသက်တမ်း (၇)နှစ် မြောက် ဝင်ငွေအား ကောက်နုတ် တင်ပြထားခြင်း ဖြစ်ပါသည်။) - ကျပ် ၁၉၄.၃၉ သန်း

၉။ အသားတင်အမြတ် (၇ နှစ်မြောက်) - ကျပ် ၂၀.၀၈ သန်း

၁၀။	ဝန်ထမ်းအင်အား (ပြည်တွင်း)	
	- တည်ဆောက်ရေးကာလ အတွင်း	- (၁၆၀)ဦး
	- လုပ်ငန်းဆောင်ရွက်သည့် ကာလအတွင်း	- (၃၅)ဦး
	- ပြည်ပ	- (၂)ဦး
၁၁။	အရင်းကြေကာလ	- (၂၈)နှစ်
၁၂။	အရင်းအနှီးပေါ်အကျိုးအမြတ် ပြန်ပေါ်နှုန်း (IRR)	- ၂.၃၇%
၁၃။	နိုင်ငံတော်မှ ရရှိမည့် အကျိုး အမြတ်(၇ နှစ်မြောက်)	
	- ဝင်ငွေခွန် ၂၅ %	- ကျပ် ၆.၆၉ သန်း
	- လမ်းတံတားဖြတ်သန်းခရငွေ	- ကျပ် ၉.၇၂ သန်း
၁၄။	ငွေကြေးအထောက်အထား	- နိုင်ငံခြားငွေ အထောက်အထားအဖြစ် အုပ်ချုပ်မှုဒါရိုက်တာ ဦးစိန်ဌေးအမည်ဖြင့် MICB ရှိ (၁၆-၁၀-၂၀၁၂)နေ့ ငွေလက်ကျန် US$ (၀.၂၁)သန်း တင်ပြထားရာ သုံးစွဲမည့်ငွေ US$ (၃.၂၀)သန်း၏ (၇) ရာခိုင်နှုန်းရှိပြီး၊ ကျပ်ငွေ အထောက်အထား အဖြစ် ဦးစိန်ဌေး အမည်ဖြင့် ကမ္ဘောဇဘဏ်ရှိ (၁၇-၁၀-၂၀၁၂) နေ့ငွေလက်ကျန် (၆၀၇.၂၅) သန်း၊ ဒါရိုက်တာ ဦးသန်းအောင်နှင့် ဦးသက်ဝင်း အမည်ဖြင့် ပထမ ပုဂ္ဂလိက ဘဏ်ရှိ (၂၆-၁၀-၂၀၁၂)နေ့ ငွေလက်ကျန် (၃၀၅.၇၄)သန်း ၊ ကမ္ဘောဇဘဏ်ရှိ(၂၅-၁၀-၂၀၁၂)နေ့ငွေလက်ကျန်(၁၈၂.၈၇) သန်း စုစုပေါင်း (၁၀၉၅.၈၆) သန်း တင်ပြထားရာ သုံးစွဲမည့် ငွေကျပ်(၅၃၂.၂၇) သန်း အတွက် လုံလောက်မှုရှိပါသည်။
၁၅။	အခြားတင်ပြချက်	ဌာနနှင့် ကုမ္ပဏီတို့ ချုပ်ဆိုထားသည့် BOT လုပ်ငန်း သဘောတူစာချုပ် (မူကြမ်း) နှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ သဘောထားမှတ်ချက် တင်ပြ ထားပါသည်။
		- စာချုပ်(မူကြမ်း)ပါ အဓိကအချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-
		(က)လမ်းဖောက်လုပ်သည့်လုပ်ငန်းကာလ(တည်ဆောက်ရေး ကာလ) မှာ (၃)နှစ်ဖြစ်ပါသည်။ [စာချုပ်(မူကြမ်း)အပိုဒ်-၉ ဂ (၁)]
		(ခ) လုပ်ငန်း သက်တမ်း ကာလမှာနှစ်(၄၀)ဖြစ်ပြီး၊ တစ်ကြိမ်လျှင် (၅)နှစ်စီဖြင့် (၃)ကြိမ် သက်တမ်းတိုးမြှင့်ရန်လုပ်ငန်း လုပ်ကိုင်ခွင့်ပြုသူထံတင်ပြနိုင်ပါသည်။ [စာချုပ်(မူကြမ်း)အပိုဒ်-၅ ယ]

(ဂ) လုပ်ငန်း လုပ်ကိုင်ခွင့်ရသူသည် စာချုပ်ချုပ်ဆိုပြီး (၃၀) ရက်အတွင်း ရင်းနှီးမြှုပ်နှံမှု ကုန်ကျစရိတ်၏ (၁)ရာခိုင်နှုန်းနှင့်ညီမျှသောငွေကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်းရှိ တရားဝင် ခွင့်ပြုထားသော ဘဏ်တစ်ခုခု မှ ထုတ်ပေး သည့် ကြိုတင် စည်းကမ်းချက်များ မပါရှိဘဲ ပြန်လည် ရုပ်သိမ်းနိုင်ခွင့် မရှိသော လုပ်ငန်း အကောင်အထည်ဖော်ရန်တာဝန်ယူသည့် ဘဏ်အာမခံကိုလုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူထံပေးအပ်ရမည်။
[စာချုပ်(မူကြမ်း)အပိုဒ်-၆]

(ဃ) တံတားအသုံးပြုခများကို ကောက်ခံရာတွင် ပေ (၁၈၀) အထက်ရှည်သည့် တံတားများ အတွက် နိုင်ငံတော်မှ တည်ဆောက် ထားသော တံတားများအား လေလံစနစ်ဖြင့်လည်းကောင်း၊ သက်ဆိုင်ရာကုမ္ပဏီ၏ ရန်ပုံငွေဖြင့် တည်ဆောက်သောတံတားများအတွက် လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူနှင့် လုပ်ငန်း လုပ်ကိုင်ခွင့် ရသူတို့၏ ညှိနှိုင်းသဘော တူညီသည့် နှုန်းထားဖြင့် ကောက်ခံရမည် ဖြစ်သည်။ [စာချုပ်(မူကြမ်း)အပိုဒ်-၈ ခ(၁)]

(င) လုပ်ငန်းလုပ်ကိုင်ခွင့်ရသူသည် လုပ်ငန်းလုပ်ကိုင် ခွင့်ပြုသူ၏ စာဖြင့် ရေးသားထားသော ခွင့်ပြုချက် မရဘဲ လုပ်ငန်းကိုလွှဲပြောင်းခြင်း၊ လုပ်ငန်းတစ်စိတ်တစ်ဒေသကို ထပ်ဆင့်ငှားရမ်းခြင်းမပြုရ။ [စာချုပ်(မူကြမ်း) အပိုဒ်-၅ ထ]

(စ) လုပ်ငန်းလုပ်ကိုင်ခွင့်ရသူသည် လုပ်ငန်း လုပ်ကိုင်ခွင့်ပြုသူ၏ စာဖြင့်ရေးသားထားသော ခွင့်ပြုချက်မရဘဲ လမ်း၊ တံတား အသုံးပြုခကောက်ခံရေးဂိတ်များနှင့် ကောက်ခံသည့်နှုန်းထားများကိုပြောင်းလဲခြင်းမပြုရ။
[စာချုပ်(မူကြမ်း) အပိုဒ်-၅-ခ]

(ဆ) လုပ်ငန်း လုပ်ကိုင်ခွင့်ရသူသည် စာချုပ်ပါ လုပ်ငန်း လုပ်ကိုင်ခွင့် ကာလ ကုန်ဆုံးပါက အဆိုပါ လမ်း၊ တံတားများ၊ဂိတ်များနှင့်အဆောက်အဦများကိုကောင်းမွန်သော အနေအထားအတိုင်း လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူထံ အဖိုးစားနားမဲ့ လွှဲပြောင်းပေးရမည်။
[စာချုပ်(မူကြမ်း) အပိုဒ်-၂၀]

၁၆။ ကော်မရှင်ရုံးအဖွဲ့ မှ စိစစ်တင်ပြချက်

- ဝင်ငွေ၊ နိုင်ငံတော်မှ ရရှိမည့် အကျိုးအမြတ် နှင့် အရင်းအနှီး အပေါ် အကျိုးအမြတ် ပြန်ပေါ်နှုန်း (IRR) တို့မှာ ဌာနမှ တင်ပြချက်အရ ဖော်ပြထားခြင်းသာ ဖြစ်ပါသည်။
- ယာဉ်အမျိုးအစား အလိုက် ကောက်ခံမည့်ခန့်မှန်း စျေးနှုန်း အား တွက်ချက်တင်ပြထားပါသည်။
- ကုမ္ပဏီမှ ဝန်ထမ်းများ၏ လစာငွေမှာ (၁၄၄၀၀၀၀) အထက် ရရှိသော ဝန်ထမ်းများ၏ ဝင်ငွေခွန်ကို သတ်မှတ်ထားသည့် နှုန်းထားများအတိုင်း ကုမ္ပဏီမှ ပေးဆောင်သွားမည်ဖြစ်ကြောင်း ဝန်ခံ ကတိပြုချက် လိုအပ်ပါသည်။
- စက်ပစ္စည်းစာရင်းတွင် ဖော်ပြထားသော လူစီး မော်တော် ယာဉ်များကို ပြည်တွင်းမှ ဝယ်ယူရန်၊
- မီးဘေးကြိုတင် ကာကွယ်ရေး စီမံချက် နှင့် လုပ်ငန်းခွင် သာယာရေးနှင့် ဝန်ထမ်းသက်သာ ချောင်ချိရေး စီမံချက် တင်ပြပေးရန်၊
- ငွေကြေးအထောက်အထားကို up date တင်ပြပေးရန်၊
- တည်ဆောက်ရေးကာလ နှင့် လုပ်ငန်း လည်ပတ်မည့် ကာလ အတွက် ဝန်ထမ်းလစာ စာရင်းကို နှစ်အလိုက် ဖော်ပြပေးရန်၊
- အနိမ့်ဆုံး ဝန်ထမ်း လစာကို ကျပ်(၉၀၀၀၀) ပြင်ပေးရန်၊
- ကုမ္ပဏီမှဖောက်လုပ်မည့် လမ်းအပိုင်းအတွက် တည်ဆောက် မည့် တံတားစာရင်း ဖော်ပြပေးရန်၊
- နောက်ဆက်တွဲ(၆) Profit & Loss ဇယားတွင် ဖော်ပြထား သော Electricity & Others ၊ Administration Cost နှင့် Depreciation တို့၏ အသေးစိတ် စာရင်းများ ဖော်ပြပေး ရန်၊

MN-70/ 2016 DNG 5/1/7

ကြေးနန်းလိပ်စာ - "စိစစ်တိုး"
တယ်လီဖုန်းအမှတ်- ၄၀၆၀၆၅
- ၄၀၆၀၆၆
- ၄၀၆၀၆၇
- ၄၀၆၀၆၈
- ၄၀၆၀၆၉
- ၄၀၆၀၇၀
- ၄၀၆၀၇၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန
စီမံကိန်းစိစစ်ရေးနှင့်တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန
ရုံးအမှတ်၃၂၊ နေပြည်တော်

စာအမှတ်၊စစတ-ဦး / ၇၂၁(၁၇၆၄/၂၀၁၃)
ရက်စွဲ၊ ၂၀၁၃ ခုနှစ် ဇွန်လ ၂၈ ရက်

အမှာစာ

အကြောင်းအရာ။ **Kaung Mon (Magway) Construction Co., Ltd. မှ မကွေး-မင်းဘူး-ပွင့်ဖြူလမ်း အပိုင်း (၃၄)မိုင် (၂)ဖာလုံ အား BOT စနစ်ဖြင့် ပြုပြင်ဖောက်လုပ်၍ လမ်းတံတားအသုံးပြုခ ကောက်ခံခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြု တင်ပြလာခြင်းကိစ္စ**

ရည်ညွှန်းချက် ။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၊ အဆိုပြုချက်စိစစ်ရေးအဖွဲ့၏ ၂၁-၆-၂၀၁၃ ရက်စွဲပါ စာအမှတ်၊ ရက- ၆(က)/မ-၁၃၄၆/၂၀၁၃(၆၆၁၀)

#2420 P.005

နောက်ဆက်တွဲ (၇)

ကောင်းမွန် (မကွေး) ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်

KOUNG MON (MAGWAY) CONSTRUCTION CO., LTD.

RECOUPMENT PERIOD

(Kyats in thousand)

PARTICULARS	Construction Period 1 year to 3 Year	Operation Period									
		1	2	3	4	5	6	7	8	9	10
		Total Kyats	Total Kyats	Total Kyats	Total Kyats	Total Kyats	Total Kyats	Total Kyats	Total Kyats	Total Kyats	Total Kyats
Net Profit after Tax		126734	128167	129085	110941	111546	104608	96989	97818	98239	98921
Net Profit after Tax		46218	47650	48568	30424	31029	24092	16472	17302	17723	18405
Depreciation		80516	80516	80516	80516	80516	80516	80516	80516	80516	80516
CASH OUT FLOW		126734	128167	129085	110941	111546	104608	96989	97818	98239	98921
Capital Contribution	3220656										
Total Net Profit	-3220656	126734	128167	129085	110941	111546	104608	96989	97818	98239	98921
Opening Balance	0	-3220656	-3093922	-2965755	-2836671	-2725730	-2614184	-2509576	-2412587	-2314769	-2216530
Accumulated NP	-3220656	-3093922	-2965755	-2836671	-2725730	-2614184	-2509576	-2412587	-2314769	-2216530	-2117609

Note - Recoupement is 28 Years

နောက်ဆက်တွဲ (၇-က)

ကောင်းမွန် (မကွေး) ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်

KOUNG MON (MAGWAY) CONSTRUCTION CO., LTD.

RECOUPMENT PERIOD

(Kyats in thousand)

PARTICULARS	Operation Period									
	11	12	13	14	15	16	17	18	19	20
	Total	Total	Total	Total	Total	Total	Total	Total	Total	Total
	Kyats	Kyats	Kyats	Kyats	Kyats	Kyats	Kyats	Kyats	Kyats	Kyats
Net Profit after Tax	116554	117719	118883	112284	113380	97327	98505	99683	100861	102040
Net Profit after Tax	36038	37203	38367	31768	32863	16810	17989	19167	20345	21524
Depreciation	80516	80516	80516	80516	80516	80516	80516	80516	80516	80516
CASH OUT FLOW	116554	117719	118883	112284	113380	97327	98505	99683	100861	102040
Capital Contribution										
Total Net Profit	116554	117719	118883	112284	113380	97327	98505	99683	100861	102040
Opening Balance	-2117609	-2001055	-1883336	-1764453	-1652169	-1538789	-1441462	-1342957	-1243274	-1142412
Accumulated NP	-2001055	-1883336	-1764453	-1652169	-1538789	-1441462	-1342957	-1243274	-1142412	-1040372

27/06 2011 21:54 661639 TTW #2420 P.007

နောက်ဆက်တွဲ (၇-ခ)

ကောင်းမွန် (မကွေး) ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်

KAUNG MON (MAGWAY) CONSTRUCTION CO., LTD.

RECOUPMENT PERIOD

(Kyats in thousand)

PARTICULARS	Operation Period									
	21	22	23	24	25	26	27	28	29	30
	Total	Total	Total	Total	Total	Total	Total	Total	Total	Total
	Kyats	Kyats	Kyats	Kyats	Kyats	Kyats	Kyats	Kyats	Kyats	Kyats
Net Profit after Tax	121593	122962	124331	117088	118370	109989	111175	112363	113549	114736
Net Profit after Tax	41077	42446	43815	36572	37854	29472	30659	31846	33033	34220
Depreciation	80516	80516	80516	80516	80516	80516	80516	80516	80516	80516
CASH OUT FLOW	121593	122962	124331	117088	118370	109989	111175	112363	113549	114736
Capital Contribution										
Total Net Profit	121593	122962	124331	117088	118370	109989	111175	112363	113549	114736
Opening Balance	-1040372	-918779	-795817	-671486	-554398	-436028	-326039	-214864	-102501	11049
Accumulated NP	-918779	-795817	-671486	-554398	-436028	-326039	-214864	-102501	11049	125785

21/06 2011 21:55 661639
TTW
#2420 P.008

နောက်ဆက်တွဲ (၇-ဂ)

ကောင်းမွန် (မကွေး) ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်

KO.UNG MON (MAGWAY) CONSTRUCTION CO., LTD.

RECOUPMENT PERIOD

(Kyats in thousand)

PARTICULARS	Operation Period									
	31	32	33	34	35	36	37	38	39	40
	Total	Total	Total	Total	Total	Total	Total	Total	Total	Total
	Kyats	Kyats	Kyats	Kyats	Kyats	Kyats	Kyats	Kyats	Kyats	Kyats
Net Profit after Tax	126064	127346	128629	120432	121628	112426	113747	115067	116388	117708
Net Profit after Tax	45548	46830	48112	39916	41112	31910	33231	34551	35872	37192
Depreciation	80516	80516	80516	80516	80516	80516	80516	80516	80516	80516
INVESTMENT	126064	127346	128629	120432	121628	112426	113747	115067	116388	117708
Capital Contribution										
Total Net Profit	126064	127346	128629	120432	121628	112426	113747	115067	116388	117708
Opening Balance	125785	251849	379195	507824	628256	749884	862311	976058	1091125	1207513
Accumulated NP	251849	379195	507824	628256	749884	862311	976058	1091125	1207513	1325221

27/06 2011 21:55 661639 TTW #2420 P.009

နောက်ဆက်တွဲ (၈)

ကောင်းမွန်(မကွေး) ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်

KOUNG MON(MAGWAY) CONSTRUCTION CO., LTD.

CASH FLOW STATEMENT

(Kyats in thousand)

No	Particulars	0	1	2	3	4	5	6	7	8	9	10
1	CASH IN FLOW Income		182988	184836	186684	188533	190381	192229	194078	195926	197775	199623
2	CASH OUT FLOW Cost of Goods Sold		53554	53915	54790	55159	56050	66998	78854	79443	80576	81359
3	Other Costs		2700	2754	2809	2865	2923	2981	3041	3101	3163	3227
4	Tax on Operation					9427	9519	9611	9704	9796	9889	9981
5	Income Tax on Operation		0	0	0	10141	10343	8031	5491	5767	5908	6135
6	Cash flow from Operations		126734	128167	129085	110941	111546	104608	96989	97818	98239	98921
7	Change in Working Capital											
8	Capital investment and Disposal											
9	Net Cash flow	3220656	126734	128167	129085	110941	111546	104608	96989	97818	98239	98921
10	Accumulated NCF	-3220656	-3093922	-2965755	-2836671	-2725730	-2614184	-2509576	-2412587	-2314769	-2216530	-2117609

#2420 P.010

နောက်ဆက်တွဲ (၈-က)

ကောင်းမွန်(မကွေး) ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်

KOUNG MON (MAGWAY) CONSTRUCTION CO., LTD.

CASH FLOW STATEMENT

(Kyats in thousand)

Particulars	11	12	13	14	15	16	17	18	19	20
CASH IN FLOW Income	201471	203320	205168	207016	208865	211175	213486	215796	218106	220417
CASH OUT FLOW Cost of Goods Sold	59604	59807	60011	60214	60417	83901	84409	84917	85426	85934
Other Costs	3227	3227	3227	3227	3227	3227	3227	3227	3227	3227
Tax on Operation	10074	10166	10258	20702	20887	21118	21349	21580	21811	22042
Income Tax on Operation	12013	12401	12789	10589	10954	5603	5996	6389	6782	7175
Cash flow from Operations	116554	117719	118883	112284	113380	97327	98505	99683	100861	102040
Change in Working Capital Capital investment and Disposal										
Net Cash flow	116554	117719	118883	112284	113380	97327	98505	99683	100861	102040
Accumulated NCF	-2001055	-1883336	-1764453	-1652169	-1538789	-1441462	-1342957	-1243274	-1142412	-1040372

17/06 2011 22:07 661639 TTW #2422 P.002

27/06 2011 22:07 661639 TTW #2422 P.003

နောက်ဆက်တွဲ (၈–ခ)

ကောင်းမွန်(မကွေး) ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်

KOUNG MON (MAGWAY) CONSTRUCTION CO., LTD.

CASH FLOW STATEMENT

(Kyats in thousand)

Particulars	21	22	23	24	25	26	27	28	29	30
CASH IN FLOW										
Income	222727	225038	227348	229659	231969	234280	236590	238901	241211	243521
CASH OUT FLOW										
Cost of Goods Sold	61942	62196	62451	62705	62959	76098	76480	76861	77242	77623
Other Costs	3227	3227	3227	3227	3227	3227	3227	3227	3227	3227
Tax on Operation	22273	22504	22735	34449	34795	35142	35489	35835	36182	36528
Income Tax on Operation	13692	14149	14605	12191	12618	9824	10220	10615	11011	11407
Cash flow from Operations	121593	122962	124331	117088	118370	109989	111175	112363	113549	114736
Change in Working Capital										
Capital investment and Disposal										
Net Cash flow	121593	122962	124331	117088	118370	109989	111175	112363	113549	114736
Accumulated NCF	-918779	-795817	-671486	-554398	-436028	-326039	-214864	-102501	11049	125785

7/06 2011 22:08 661639 TTW #2422 P.004

နောက်ဆက်တွဲ (၈–ဂ)

ကောင်းမွန်(မကွေး) ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်

KOUNG MON (MAGWAY) CONSTRUCTION CO., LTD.

CASH FLOW STATEMENT

(Kyats in thousand)

Particulars	31	32	33	34	35	36	37	38	39	40
CASH IN FLOW										
Income	245832	248142	250453	252763	255074	257846	260619	263391	266164	268936
CASH OUT FLOW										
Cost of Goods Sold	64484	64738	64992	65246	65500	79987	80444	80902	81359	81817
Other Costs	3227	3227	3227	3227	3227	3227	3227	3227	3227	3227
Tax on Operation	36875	37221	37568	50553	51015	51569	52124	52678	53233	53787
Income Tax on Operation	15183	15610	16037	13305	13704	10637	11077	11517	11957	12397
Cash flow from Operations	126064	127346	128629	120432	121628	112426	113747	115067	116388	117708
Change in Working Capital										
Capital investment and Disposal										
Net Cash flow	126064	127346	128629	120432	121628	112426	113747	115067	116388	117708
Accumulated NCF	251849	379195	507824	628256	749884	862311	976058	1091125	1207513	1325221

နောက်ဆက်တွဲ (၉)

ကောင်းမွန် (မကွေး) ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်

KOUNG MON (MAGWAY) CONSTRUCTION CO., LTD.

Calculation of Internal Rate of Return

(Kyats in thousand)

Year	Net Cash Flow	DF 1 %		DF 5%	
		Rate	PV	Rate	PV
0	3220656		-3220656		-3220656
1	126734	0.990	125480	0.952	120699
2	128167	0.980	125641	0.907	116251
3	129085	0.971	125288	0.864	111508
4	110941	0.961	106612	0.823	91271
5	111546	0.951	106132	0.784	87399
6	104608	0.942	98546	0.746	78060
7	96989	0.933	90463	0.711	68928
8	97818	0.923	90334	0.677	66207
9	98239	0.914	89824	0.645	63326
10	98921	0.905	89552	0.614	60729
11	116554	0.896	104470	0.585	68147
12	117719	0.887	104470	0.557	65550
13	118883	0.879	104458	0.530	63046
14	112284	0.870	97683	0.505	56711
15	113380	0.861	97660	0.481	54538
16	97327	0.853	83002	0.458	44586
17	98505	0.844	83176	0.436	42977
18	99683	0.836	83337	0.416	41420
19	100861	0.828	83487	0.396	39914
20	102040	0.820	83626	0.377	38458
21	121593	0.811	98664	0.359	43645
22	122962	0.803	98787	0.342	42035
23	124331	0.795	98898	0.326	40479
24	117088	0.788	92215	0.310	36305
25	118370	0.780	92301	0.295	34955
26	109989	0.772	84917	0.281	30933
27	111175	0.764	84983	0.268	29778
28	112363	0.757	85040	0.255	28663
29	113549	0.749	85087	0.243	27586
30	114736	0.742	85125	0.231	26547
31	126064	0.735	92604	0.220	27779
32	127346	0.727	92619	0.210	26726
33	128629	0.720	92626	0.200	25709
34	120432	0.713	85865	0.190	22925
35	121628	0.706	85859	0.181	22050
36	112426	0.699	78578	0.173	19411
37	113747	0.692	78714	0.164	18704
38	115067	0.685	78839	0.157	18020
39	116388	0.678	78954	0.149	17359
40	117708	0.672	79059	0.142	16720
			502318		-1284598

Internal Rate of Return = 2.12%

Pay Back Year = 28 Years and 11 months

27/06 2011 22:08 661639

ကောင်းမွန်(မကွေး) ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်

KOUNG MON(MAGWAY) CONSTRUCTION CO., LTD.
KYAT EARNING STATEMENT

(Kyats in thousand)

Particulars	YEAR									
	1	2	3	4	5	6	7	8	9	10
Income										
Toll Fees Income	182988	184836	186684	188533	190381	192229	194078	195926	197775	199623
	182988	184836	186684	188533	190381	192229	194078	195926	197775	199623
Expenditure										
Expenses	116641	116854	117581	117802	118547	118777	119714	119957	120746	121185
Commercial Tax										
Corporate Tax				10141	10343	8031	5491	5767	5908	6135
Depreciation										
Total Expenses	116641	116854	117581	127943	128891	126808	125205	125724	126653	127320
Net Kyat Earning	66347	67982	69103	60590	61490	65421	68873	70202	71122	72303

TTW

#2422 P.006

နောက်ဆက်တွဲ (၁၀-က)

ကောင်းမွန်(မကွေး) ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်

KOUNG MON(MAGWAY) CONSTRUCTION CO., LTD.

KYAT EARNING STATEMENT

(Kyats in thousand)

Particulars	YEAR									
	11	12	13	14	15	16	17	18	19	20
Income										
Toll Fees Income	201471	203320	205168	207016	208865	211175	213486	215796	218106	220417
	201471	203320	205168	207016	208865	211175	213486	215796	218106	220417
Expenditure										
Expenses	121185	121185	121185	121185	121185	121185	121185	121185	121185	121185
Commercial Tax										
Corporate Tax	12013	12401	12789	10589	10954	5603	5996	6389	6782	7175
Depreciation										
Total Expenses	133198	133586	133974	131775	132140	126789	127182	127574	127967	128360
Net Kyat Earning	68273	69734	71194	75241	76725	84386	86304	88222	90139	92057

27/06 2011 22:08 661639
TTW
#2422 P.007

နောက်ဆက်တွဲ (၁၀-ခ)

ကောင်းမွန်(မကွေး) ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်

KAUNG MON(MAGWAY) CONSTRUCTION CO., LTD.

KYAT EARNING STATEMENT

(Kyats in thousand)

Particulars	YEAR									
	21	22	23	24	25	26	27	28	29	30
Income										
Toll Fees Income	222727	225038	227348	229659	231969	234280	236590	238901	241211	243521
	222727	225038	227348	229659	231969	234280	236590	238901	241211	243521
Expenditure										
Expenses	121185	121185	121185	121185	121185	121185	121185	121185	121185	121185
Commercial Tax										
Corporate Tax	13692	14149	14605	12191	12618	9824	10220	10615	11011	11407
Depreciation										
Total Expenses	134878	135334	135790	133376	133803	131010	131405	131801	132196	132592
Net Kyat Earning	87849	89704	91558	96283	98166	103270	105185	107100	109015	110929

27/06 2011 22:09 661639 TTW #2422 P.008

27/06 2011 22:09 661639 #2422 P.009

နောက်ဆက်တွဲ (၁၀-ဂ)

ကောင်းမွန်(မကွေး) ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်

KOUNG MON(MAGWAY) CONSTRUCTION CO., LTD.

KYAT EARNING STATEMENT

(Kyats in thousand)

Particulars	YEAR									
	31	32	33	34	35	36	37	38	39	40
Income										
Toll Fees Income	245832	248142	250453	252763	255074	257846	260619	263391	266164	268936
	245832	248142	250453	252763	255074	257846	260619	263391	266164	268936
Expenditure										
Expenses	121185	121185	121185	121185	121185	121185	121185	121185	121185	121185
Commercial Tax										
Corporate Tax	15183	15610	16037	13305	13704	10637	11077	11517	11957	12397
Depreciation										
Total Expenses	136368	136795	137223	134491	134889	131822	132262	132702	133143	133583
Net Kyat Earning	109464	111347	113230	118272	120185	126024	128357	130689	133021	135353

နောက်ဆက်တွဲ (၁၁)

ကောင်းမွန်(မကွေး) ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်

KOUNG MON (MAGWAY) CONSTRUCTION CO., LTD.

CONSTRUCTION PERIOD

Sr No	Designation	No.of Employment
1	General Manager	1
2	Deputy General Manager	1
3	Operation Manager	1
4	Administration Manager	2
5	Office Staff	4
6	Project Engineers	1
7	Asst;Project Engineers(SAE)	2
8	Surveryor	3
9	Operation Supervisor	3
10	Machine Operators	10
11	Driver	7
12	Skilled Worker	5
13	Semi-Skilled Workers	20
14	Unskilled Workers	100
Total		160

နောက်ဆက်တွဲ (၁၁-က)

ကောင်းမွန်(မကွေး)ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်

KOUNG MON(MAGWAY) CONSTRUCTION GROUP CO., LTD.

OPERATION PERIOD

(Kyats)

Sr No	Designation	No.of Employment	Salary		1 Yearly (-000)	2 Yearly (-000)	3 Yearly (-000)	4 Yearly (-000)	5 Yearly (-000)
			Month	Years					
1	General Manager	1	150,000	1800000	1800	1800	1836	1836	1873
2	Deputy General Manager	1	100,000	1200000	1200	1200	1224	1224	1248
3	Operation Manager	1	80,000	960000	960	960	979	979	999
4	Administration Manager	2	80,000	1920000	1920	1920	1958	1958	1998
5	Office Staff	5	50,000	3000000	3000	3000	3060	3060	3121
6	Project Engineers	1	130,000	1560000	1560	1560	1591	1591	1623
7	Surveryor	2	70,000	1680000	1680	1680	1714	1714	1748
8	Operation Supervisor	2	70,000	1680000	1680	1680	1714	1714	1748
9	Machine Operators	5	60,000	3600000	3600	3600	3672	3672	3745
10	Driver	5	60,000	3600000	3600	3600	3672	3672	3745
11	Skilled Worker	3	50,000	1800000	1800	1800	1836	1836	1873
12	Unskilled Workers	5	45,000	2700000	2700	2700	2754	2754	2809
Total		33		25500000	25500	25500	26010	26010	26530

Sr.No	Designation	No of Employment	Remarks
1	Consultant Technician	-	-
2	Consultant Chief Engineer	1	3 Years
3	Consultant Engineer (Road)	1	3 Years
4	Consultant Engineer (Bridge	-	-
5	Consultant Engineer (Quality Control)	-	-

Note: No need to pay remuneration for foreign technicians

လမ်းအသုံးပြုခကောက်ခံရန် ဂိတ်တည်နေရာနှင့် ဂိတ်အမည်

လမ်းအသုံးပြုခကောက်ခံရန်ဂိတ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

[illegible]

မကွေး–မင်းဘူး–ပွင့်ဖြူလမ်းပိုင်း

၁။ **အသွားခရီးအတွက်**

(က) ဂိတ်အမှတ် (၁) မင်းဘူး

(ခ) ဂိတ်အမှတ် (၂) ပွင့်ဖြူ

အသွားခရီးအတွက် ဂိတ်အမှတ်(၁)လမ်းအသုံးပြုခကောက်ခံရေးဂိတ်အကြီး အမျိုးအစားများဖြစ်ပြီး ဂိတ်အမှတ် (၂) သည် စစ်ဆေးရေးဂိတ်အဖြစ်အသုံးပြုရန် ဖြစ်ပါသည်။

၂။ **အပြန်ခရီးအတွက်**

(က) ဂိတ်အမှတ် (၂) ပွင့်ဖြူ

(ခ) ဂိတ်အမှတ် (၁) မင်းဘူး

အပြန်ခရီးအတွက် ဂိတ်အမှတ် (၂) လမ်းအသုံးပြုခကောက်ခံရေးဂိတ်ဖြစ်ပြီး ဂိတ်အမှတ် (၁) တွင် စစ်ဆေးရေးဂိတ်အဖြစ်အသုံးပြုရန် ဖြစ်ပါသည်။

(၃၀-၁-၂၀၀၉) ရက်နေ့ B.O.T အစည်းအဝေး ကျင်းပပြီးနောက် လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်လျှက်ရှိသော ကုမ္ပဏီများမှ တင်ပြလာသည့် ငွေကြေးလည်ပတ်မှု အခြေပြဇယား

စဉ်	လမ်းအမည်	ကုမ္ပဏီအမည်	I.R.R (%)	အရင်းကြေ ကာလ(နှစ်)	(၁)ရက်လျှင် သွားသည့် ယာဉ်စီးရေ	(၁)နှစ် ယာဉ်တိုးနှုန်း (%)	ရင်းနှီးမြှုပ်နှံမှု (ကျပ်သန်း)
၁။	မကွေး-မင်းဘူး-ပွင့်ဖြူလမ်းပိုင်း	ကောင်းမွန်(မကွေး)ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်	၂.၃၇	၂၈	၃၉၆	-	၃၂၂၀.၆၅၆

၁၄၂၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ပြည်ထောင်စုရှေ့နေချုပ်ရုံး

နေပြည်တော်

စာအမှတ်၊ ၂(၅) ၄ - ၁၉ / နပတ (၉၈)

ရက်စွဲ၊ ၂၀၁၃ ခုနှစ်၊ မေလ ၁၅ ရက်

အကြောင်းအရာ။ **ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် ကောင်းမွန်(မကွေး) ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်တို့အကြား ချုပ်ဆိုမည့် B.O.T စနစ်ဖြင့် လမ်းဖောက်လုပ်ပြုပြင်ခြင်း၊ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းလုပ်ကိုင်ခြင်းနှင့် လွှဲပြောင်းပေးခြင်း စာချုပ်(မူကြမ်း)အပေါ် သဘောထားမှတ်ချက်ပေးရန်ကိစ္စ**

ရည်ညွှန်းချက်။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၂၉-၄-၂၀၁၃ ရက်စွဲပါ စာအမှတ်၊ ၁/ ခွဲ-၂/ ထွေ/ ၂၀၁၃ (ကုမ္ပဏီ) (စီ ၄၀၃၇)

၁။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် ကောင်းမွန်(မကွေး) ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်တို့သည် မကွေး-မင်းဘူး-ပွင့်ဖြူလမ်းပိုင် (၃၄/၂)မိုင်အား B.O.T စနစ်ဖြင့် လမ်းပြုပြင်ဖောက်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ရန် ချုပ်ဆိုမည့် စာချုပ်(မူကြမ်း)အပေါ် သဘောထားမှတ်ချက်ပေးပါ ရန် ရည်ညွှန်းချက်ပါစာဖြင့် မေတ္တာရပ်ခံလာသောကိစ္စဖြစ်ပါ သည်။

၂။ ရည်ညွှန်းချက်ပါစာနှင့် ပူးတွဲပေးပို့လာသော စာချုပ်(မူကြမ်း)မှာ ဤရုံး၏ ၂၇-၆-၂၀၁၂ ရက်စွဲပါစာအမှတ်၊ ၂(၅)၄-၂၆/နပတ(၂၆၁)ဖြင့် အကြံပြုပြန်ကြားခဲ့သော ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် THREE MILLION CONSTRUCTION GROUP Co.,Ltd တို့ချုပ်ဆိုမည့် စာချုပ်(မူကြမ်း)နှင့် အလားတူပြုစုထားသည်ကို တွေ့ရှိရပါသည်။

၃။ ရည်ညွှန်းချက်ပါစာဖြင့် ပူးတွဲပေးပို့လာသော စာချုပ်(မူကြမ်း)အပေါ် ဥပဒေရှုထောင့်မှ လေ့လာစိစစ်ပြီး အောက်ပါအတိုင်းသုံးသပ်အကြံပြုအပ်ပါသည် -

(က) စာချုပ်(မူကြမ်း)၏ မျက်နှာဖုံးတွင် "ပြုပြင်ဖောက်လုပ်လုပ်ငန်းလုပ်ကိုင်ရေး

နှင့် လွှဲပြောင်းပေးရေး” ဟု ဖော်ပြထားပြီး စာချုပ်(မူကြမ်း)၏ စာမျက်နှာ(၁) ခေါင်းစဉ်အား “ဖောက်လုပ်ပြုပြင်အဆင့်မြှင့်တင်ခြင်း၊ လုပ်ငန်းလုပ်ကိုင်ခြင်းနှင့် လွှဲပြောင်းပေးခြင်း” ဟု ဖော်ပြထားရာ ကွဲလွဲနေ ပါ သဖြင့် ဌာနမှ ပြန်လည်စိစစ်ရန်ဖြစ် ပါ သည်၊

(ခ) စာချုပ်(မူကြမ်း) အပိုဒ် ၅ “လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ” ၏ တာဝန်များ၊ အပိုဒ်ခွဲ (ဌ)တွင် ရည်ညွှန်းဖော်ပြထားသော နောက်ဆက်တွဲ (က-၁) သည် စာချုပ်(မူကြမ်း)တွင် ပူးတွဲထားခြင်းမရှိသဖြင့် ဌာနမှ ပြန်လည်စိစစ်ရန်လိုအပ်ပါသည်။ နောက်ဆက်တွဲများသည် စာချုပ်၏တစ်စိတ်တစ်ဒေသဖြစ်သဖြင့် နောက်ဆက်တွဲပါ ဖော်ပြချက်များသည် စာချုပ်ပါစည်းကမ်းချက်များနှင့် ညီညွတ်မှုရှိရန်လိုအပ်ပါသည်။ စာချုပ်လက်မှတ်ရေးထိုးသည့်အချိန်တွင် နောက်ဆက်တွဲပုံစံများပြည့်စုံစွာ ပူးတွဲဖော်ပြရန် လိုအပ်ပါသည်၊

(ဂ) စာချုပ်(မူကြမ်း) အပိုဒ် ၃ ၏ စံချိန်စံညွှန်းများအပိုဒ်ခွဲ (ဋ) (ဌ) (ဍ) တွင် ဖော်ပြထားသည့်အချက်များသည် လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ၏ တာဝန်များကို ဖော်ပြထားခြင်းဖြစ်၍ ထိုအချက်များကို စာချုပ်(မူကြမ်း) အပိုဒ် ၅ တွင် လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ၏ တာဝန်အဖြစ် ထည့်သွင်းဖော်ပြရန်ဖြစ်ပါသည်၊

(ဃ) စာချုပ်(မူကြမ်း) အပိုဒ် ၆ အရ လုပ်ငန်းလုပ်ကိုင်ခွင့်ရသူသည် ဘဏ်အာမခံကို ပြည်ထောင်စုမြန်မာနိုင်ငံတော် ငွေရေးကြေးရေးဆိုင်ရာ အဖွဲ့အစည်းများ ဥပဒေနှင့် ဗဟိုဘဏ်ဥပဒေများအရ ဗဟိုဘဏ်ကတရားဝင်ဘဏ်လုပ်ငန်းလုပ်ကိုင်ခွင့်ပြုချက်ရရှိထားပြီး တရားဝင်ဘဏ်လုပ်ငန်း လုပ်ကိုင်လျက်ရှိသည့် နိုင်ငံတော်ဘဏ် သို့မဟုတ် ဘဏ်တစ်ခုခု၌ထားရှိသင့်ပါသည်။ ဘဏ်အာမခံပုံစံမှာ သက်ဆိုင်ရာဘဏ်က သတ်မှတ်ထားသော ဘဏ်အာမခံပုံစံဖြစ်ရန် လိုအပ်ပြီး စာချုပ်(မူကြမ်း) ပါ စည်းကမ်းချက်များနှင့်ညီညွတ်ရန်လိုအပ်

ပါသည်။ ထို့အပြင် အဆိုပါ ဘဏ်အာမခံပုံစံအား စာချုပ်တွင် နောက်ဆက်တွဲအဖြစ် ပူးတွဲဖော်ပြရန်ဖြစ်ပါသည်၊

(င) လိုအပ်သောနေရာများတွင် မင်နီဖြင့် ပြင်ဆင်ပေးလိုက်ပါသည်။

၄။ ဤစာချုပ်(မူကြမ်း)ကို ပြည်ထောင်စုရှေ့နေချုပ်ဥပဒေနှင့်အညီ ဥပဒေကြောင်းအရသာ ဥပဒေအကြံဉာဏ်ပေးခြင်းဖြစ်ပါသည်။ ဥပဒေရေးရာမဟုတ်သည့် စီမံရေးရာ၊ ဘဏ္ဍာရေးရာ၊ ကျွမ်းကျင်မှုဆိုင်ရာကိစ္စရပ်များကို ဤရုံးအနေဖြင့် မှတ်ချက်ပေးရန်မရှိပါကြောင်းနှင့် ယင်းကိစ္စရပ်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကျွမ်းကျင်သူများနှင့် ဆွေးနွေးညှိနှိုင်းဆောင်ရွက်ရန် အကြံပြုပါသည်။

၅။ ကောင်းမွန်(မကွေး) ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်သည် ဥပဒေနှင့်အညီ တရားဝင်ဖွဲ့စည်းထားသည့် ကုမ္ပဏီများဟုတ် မဟုတ်၊ စာချုပ်ပါလုပ်ငန်းများကို လုပ်ကိုင်နိုင်စွမ်းနှင့် လုပ်ကိုင်နိုင်ခွင့်ရှိ မရှိ၊ ငွေကြေးအင်အား ပြည့်စုံမှုရှိ မရှိ၊ စာချုပ်များတွင် လက်မှတ်ရေးထိုးမည့်သူများသည် တရားဝင်လွှဲအပ်ခြင်းခံရသူများ ဟုတ် မဟုတ် စသည်တို့အတွက် သက်ဆိုင်ရာစာရွက်စာတမ်းများ တောင်းယူစိစစ်သင့်ပါသည်။

၆။ ဤစာချုပ်(မူကြမ်း)ကို လက်မှတ်ရေးထိုးချုပ်ဆိုပြီးပါက မှတ်တမ်းတင်ထားနိုင်ရန်အတွက် ဤရုံးသို့ မိတ္တူ(၃)စောင်ပေးပို့ပါရန် မေတ္တာရပ်ခံအပ်ပါသည်။

၁၅.၅.၂၀၁၃

(ကျော်ဆန်း)

ညွှန်ကြားရေးမှူးချုပ်

ဆောက်လုပ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ဆောက်လုပ်ရေးဝန်ကြီးဌာန

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း

နှင့်

" ကောင်းမွန် (မကွေး) ဆောက်လုပ်ရေးကုမ္ပဏီလီမိတက် "

တို့အကြားချုပ်ဆိုသည့်

မကွေး-မင်းဘူး-ပွင့်ဖြူလမ်းအပိုင်းကို

ဖောက်လုပ် ပြုပြင် အဆင့်မြှင့်တင်ခြင်း ၊ လုပ်ငန်းလုပ်ကိုင်ခြင်းနှင့်

လွှဲပြောင်းပေးခြင်း

(BUILD OPERATE AND TRANSFER)

ပဋိညာဉ်စာချုပ်

ကန်ထရိုက်နံပါတ် (၂၀၁၃-၁၄/ဘီအိုတီ/)

ရက်စွဲ၊ ၂၀၁၃ ခုနှစ်၊ လ၊ ( ) ရက်

မကွေး–မင်းဘူး–ပွင့်ဖြူလမ်းအပိုင်းကို
ဆောက်လုပ် ပြုပြင် အဆင့်မြှင့်တင်ခြင်း၊ လုပ်ငန်းလုပ်ကိုင်ခြင်း နှင့် လွှဲပြောင်းပေးခြင်း
(BUILD OPERATE AND TRANSFER)
ပဋိညာဉ်စာချုပ်

ဤစာချုပ်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နေပြည်တော်တွင် ၂၀၁၃ ခုနှစ်၊ ----------လ၊ ( ) ရက်နေ့၌ ဦးဆောင်ညွှန်ကြားရေးမှူး၊ ဦးကျော်လင်း ကိုယ်စားပြုသော ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ အဆောက်အဦအမှတ် (၁၁)၊ နေပြည်တော် (ဤမှ နောင်တွင် **"လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ"** ဟု ရည်ညွှန်းခေါ်ဆိုမည်ဖြစ်ရာ၊ ယင်းစကားရပ်တွင် စာသားများအရသော်လည်းကောင်း၊ အဓိပ္ပါယ်အရသော် လည်းကောင်း၊ ရှေ့နောက်ဆန့်ကျင် ကွဲလွဲခြင်းမရှိပါက၊ ယင်း၏ဆက်ခံသူများနှင့် ခွင့်ပြုလွှဲအပ်သူများပါဝင်သည်ဟု မှတ်ယူရမည်) က တစ်ဖက်

နှင့်

မန်းနေးဂျင်းဒါရိုက်တာ၊ ဦးစိန်ဌေး၊ နိုင်ငံသားစိစစ်ရေးကဒ်အမှတ် ----------------၊ ကိုယ်စားပြုသော ကောင်းမွန် (မကွေး) ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်၊ အမှတ် (၇) ဘီ၊ ပြည်တော်သာလမ်း၊ ပြည်တော်သာရပ်ကွက်၊ မကွေးမြို့၊ မကွေးတိုင်းဒေသကြီး (ဤမှနောင်တွင် **"လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ"** ဟု ရည်ညွှန်းခေါ်ဆို ရမည်ဖြစ်ရာ ယင်းစကားရပ်တွင် စာသားများ အရသော် လည်းကောင်း၊ အဓိပ္ပါယ်အရသော် လည်းကောင်း၊ ရှေ့နောက်ဆန့်ကျင် ကွဲလွဲခြင်းမရှိပါက ယင်း၏တရားဝင် ကိုယ်စားလှယ်များ၊ ဆက်ခံသူများနှင့် ခွင့်ပြုလွှဲအပ်သူများ ပါဝင်သည်ဟု မှတ်ယူရမည်) က အခြားတစ်ဖက်တို့ ချုပ်ဆိုကြပါသည်။

နိဒါန်း

"လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" သည် လမ်းနှင့်တံတားအသုံးပြုခနှင့် အခြားအကျိုးခံစားခွင့်များကို ထည့်သွင်းစဉ်းစား၍ စာချုပ်ပါလုပ်ငန်းများ ဆောင်ရွက်ရန် အလို့ငှာ ဤပဋိညာဉ်စာချုပ်ကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ နှစ်ဦးနှစ်ဖက်အကြေအလည်ညှိနှိုင်းပြီးနောက် အောက်ပါအတိုင်း သဘောတူကြပါသည်။

အဓိပ္ပါယ်ဖွင့်ဆိုချက်များ

၁။ အဓိပ္ပါယ်ဖွင့်ဆိုချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) **"လုပ်ငန်းလုပ်ကိုင်ခွင့်ရသူပိုင်စက်ယန္တရားများ"** ဆိုသည်မှာ ဤစီမံကိန်းလုပ်ငန်းကို ပြီးစီးအောင်ဆောင်ရွက်ရာတွင်လည်းကောင်း၊ လုပ်ငန်းပျက်စီးသည့်အစိတ်အပိုင်းများပြုပြင်ဆောင်ရွက်ရာတွင်လည်းကောင်း၊ အသုံးပြုမည့်စက်၊ ယာဉ်၊ ယန္တရားများ၊ စက်သုံးကိရိယာတန်ဆာပလာပစ္စည်းများကို ခေါ်ဆိုသည်။ အမြဲတမ်းလုပ်ငန်းများအတွက် ရည်ရွယ်၍ တည်ဆောက်ထားသော အဆောက်အအုံ၊ စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းသုံးပစ္စည်းများ ပါဝင်ခြင်းမရှိစေရပါ။

(ခ) **"ပစ္စည်း"** ဆိုသည်မှာ (စက်ရုံ၊ အလုပ်ရုံများမှအပ) ဤပဋိညာဉ်စာချုပ်ပါ စည်းကမ်းချက်များအရ စီမံကိန်းလုပ်ငန်းအတွက် လိုအပ်သော **"လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ"** မှ ဝယ်ယူသည့် လိုအပ်ပါက နိုင်ငံခြားမှ မှာယူတင်သွင်းသော ပစ္စည်းများအပါအဝင် လုပ်ငန်းသုံးပစ္စည်းများအားလုံးကို ခေါ်ဆိုသည်။

(ဂ) **"အမြဲတမ်းလုပ်ငန်းများ"** ဆိုသည်မှာ ဤပဋိညာဉ်စာချုပ်ပါ စီမံကိန်းလုပ်ငန်းတွင် အကျုံးဝင်သောပုံစံပြု ဆောင်ရွက်ရမည့် အမြဲတမ်းလုပ်ငန်းများကို ခေါ်ဆိုပါသည်။

(ဃ) **"စက်ရုံ၊ အလုပ်ရုံ"** ဆိုသည်မှာ ဤပဋိညာဉ်စာချုပ်ပါ စည်းကမ်းချက်များအရ **"လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ"** မှ ဤစီမံကိန်းလုပ်ငန်းတွင် အကျုံးဝင်သော အမြဲတမ်းလုပ်ငန်းများဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ စက်ပစ္စည်း၊ ကိရိယာ (လိုအပ်ပါက နိုင်ငံခြားမှ မှာယူတင်သွင်းသည့် စက်ပစ္စည်း၊ ကိရိယာ) များတပ်ဆင်သည့် စက်ရုံ၊ အလုပ်ရုံကိုခေါ်ဆိုသည်။

(င) **"အပိုင်း"** ဆိုသည်မှာ **"လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ"** မှ တာဝန်ယူ ပုံစံပြုဆောက်လုပ်ရမည့်လုပ်ငန်းတစ်စိတ်တစ်ပိုင်းကိုဆိုလိုသည်။

(စ) **"လုပ်ငန်းခွင်နေရာ"** ဆိုသည်မှာ ဤပဋိညာဉ်စာချုပ်တွင် ရည်ညွှန်းဖော်ပြထားသည့် လုပ်ငန်းတစ်စိတ်တစ်ပိုင်း၏နေရာများ **"လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ"** မှ လုပ်ငန်းဆောင်ရွက်ရန်သတ်မှတ်ပေးထားသည့်နေရာများ၊ ရုံးအဆောက်အအုံ၊ စက်ရုံ၊ အလုပ်ရုံတည်ဆောက်ထားသည့်နေရာများ၊ ပစ္စည်းများ စုပုံထားသည့်နေရာများကို ခေါ်ဆိုပါသည်။

(ဆ) **"ယာယီလုပ်ငန်းများ"** ဆိုသည်မှာ ဤစီမံကိန်း **"လုပ်ငန်း"** ကို ပြီးစီးအောင် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်လည်းကောင်း၊ လုပ်ငန်း၏ ပျက်စီးယိုယွင်းနေသည့် အစိတ်အပိုင်းများပြုပြင်ဆောင်ရွက်ရာတွင်လည်းကောင်း၊ အထောက်အကူပြုသည့်လုပ်ငန်းများကိုခေါ်ဆိုပါသည်။

(ဇ) **"ပြောင်းလဲခြင်း"** ဆိုသည်မှာ ဤ ပဋိညာဉ်အပိုဒ် ၁၆ ပါ စည်းကမ်းချက်များ အရ **"လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ"** ၏ တရားဝင်ကိုယ်စားလှယ်မှအတည်ပြုပြီးသောလုပ်ငန်းပြောင်းလဲခြင်း၊ (သို့မဟုတ်) **"လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ"** ၏ တရားဝင်ကိုယ်စားလှယ်မှ လုပ်ငန်းသဘာဝအရ လုပ်ငန်းပိုမိုကောင်းမွန်စေရန် လုပ်ငန်းပြောင်းလဲလုပ်ကိုင်ရန် တရားဝင်ညွှန်ကြားသည့်လုပ်ငန်းများကို ဆိုလိုသည်။

(ဈ) **"စာချုပ်"** ဆိုသည်မှာ ဤပဋိညာဉ်စာချုပ်ကိုဆိုလိုသည်။

(ည) **"လုပ်ငန်းအပြီးသတ်ဆောင်ရွက်ပြီးစီးမှုလက်မှတ်"** (**Final Completion Certificate**) ဆိုသည်မှာ ပဋိညာဉ်စာချုပ်၏ **နောက်ဆက်တွဲ(က)**ပါ နည်းပညာဆိုင်ရာစံချိန်စံညွှန်းသတ်မှတ်ချက်များ (**Technical Specifications**) နှင့်အညီ လမ်းမကြီးကို ဖောက်လုပ်ပြီးစီးသည့်အခါ **"လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ"** မှ စစ်ဆေး၍ ယင်းနည်းပညာဆိုင်ရာ စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့် ကိုက်ညီစွာဖောက်လုပ်ထားကြောင်း တွေ့ရှိချိန်တွင် **"လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ"** အား **"လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ"** မှ ထုတ်ပေးသည့်လက်မှတ်ဖြစ်သည်။

ဆောင်ရွက်ရမည့်လုပ်ငန်းများ

၂။ ဤစီမံကိန်းလုပ်ငန်းလမ်းမကြီး ဖောက်လုပ်တည်ဆောက်ရာတွင် ဆောင်ရွက်ရမည့်လုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လမ်းနယ်နိမိတ်အတွင်းသစ်ပင်များခုတ်လှဲခြင်း၊ သစ်ငုတ်များဖယ်ရှားခြင်း၊ရှင်းလင်းခြင်းလုပ်ငန်း။

(ခ) လမ်းကြောင်းမြေတူးဖေါ်ခြင်းလုပ်ငန်း။

(ဂ) လမ်းကြောင်းမြေဖို့ရန် အခြားနေရာများမှ မြေတူးခြင်းလုပ်ငန်း။

(ဃ) လမ်းမြေသား တာဘောင်ဖို့ခြင်းလုပ်ငန်း။

(င) လက်ရှိလမ်းကိုချဲ့ခြင်း (**Widening**)။

(စ) ဒု-အခြေခံလွှာ တည်ဆောက်ခြင်းလုပ်ငန်း။

(ဆ) အခြေခံလွှာ တည်ဆောက်ခြင်းလုပ်ငန်း။

(ဇ) လမ်းမျက်နှာပြင်ညှိလွှာ (**Regulating Course**) တည်ဆောက်ခြင်းလုပ်ငန်း။

(ဈ) ကတ္တရာဖြင့် (**Penetration Macadam**) တည်ဆောက်ခြင်းလုပ်ငန်း။

(ည) ကတ္တရာရေပိတ်လွှာနှစ်ထပ်လောင်းခြင်းလုပ်ငန်း။

(ဋ) လမ်းပုခုံးများတည်ဆောက်ခြင်း၊ လမ်းဘေးဝဲ/ယာရေနုတ်မြောင်းတူးဖေါ်ခြင်းလုပ်ငန်း၊ နိမ့်သောမြေသားမျက်နှာပြင်များ ပြုပြင်ခြင်းလုပ်ငန်းများ။

(ဌ) လမ်းသားနှင့် ဝဲ/ယာရေနုတ်မြောင်း၊ ကြားဖြတ်ရေနုတ်မြောင်းများတည်ဆောက်ခြင်း။

(ဍ) လမ်းအကွာအဝေးပြမိုင်တိုင်များစိုက်ထူခြင်းလုပ်ငန်း၊ လမ်းအမှတ်အသားပြတိုင်များ စိုက်ထူခြင်းလုပ်ငန်း၊ အဆင့်မီ လမ်း-တံတားအသုံးပြုခကောက်ခံရန်ဂိတ်များ၊ ကောက်ခံသည့်ရုံးများ၊ ထိန်းချုပ်ရေးနှင့် ဆက်သွယ်ရေးစခန်းများ၊ ယာဉ်ရပ်နားစခန်းများ၊ လမ်းကူးလမ်းစပ်များ၊ နားနိုင်ရန်နေရာများ၊ အပန်းဖြေစခန်းများနှင့် ကြော်ငြာဆိုင်းဘုတ်များစိုက်ထူရန်အတွက် ပုံစံပြုရန်နှင့် တည်ဆောက်ရန်၊ မြို့ရှောင်လမ်းများဖောက်လုပ်ပေးရန်။

(ပ) စီမံကိန်းလုပ်ငန်း လမ်းမကြီးနှင့် ဆက်သွယ်သည့်လမ်းများ ဖောက်လုပ်ခြင်း။

(ဏ) လမ်း-တံတားအသုံးပြုခကောက်ခံရေးဂိတ်များနှင့် အခြားအထောက်အကူပြုအဆောက်အအုံများတည်ဆောက်ခြင်းလုပ်ငန်း။

စံချိန်စံညွှန်းများ

၃။ **"လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ"** သည် **"လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ"** မှ သတ်မှတ်ထားသည့် **နောက်ဆက်တွဲ (က)** ပါ နည်းပညာဆိုင်ရာစံချိန်စံညွှန်းများနှင့် ကိုက်ညီအောင် လုပ်ငန်းများကို အကောင်အထည်ဖေါ်ဆောင်ရွက်ပေးရမည်၊ အချို့လုပ်ငန်းများဆောင်ရွက်ရာတွင် သတ်မှတ်ချက်များအတိုင်း ဆောင်ရွက်ရန် မဖြစ်နိုင်ပါက လိုအပ်သလိုညှိနှိုင်းဆောင်ရွက်ခွင့်ရှိသည်-

(က) **လမ်းမြေသားတာဘောင်ဖို့ခြင်း။** လမ်းမြေသားတာဘောင်ဖို့ခြင်းဆောင်ရွက်ရာတွင် မြေသားအတွင်း သစ်ပင်သစ်ဆွေးများ၊ ကျန်းမာရေးထိခိုက်စေနိုင်သည့် ပစ္စည်းများ မပါဝင်စေရန်သတိပြုဆောင်ရွက်ရမည်၊ သတ်မှတ်ထားသည့် အမြင့်နှင့် လမ်းသားပုံရရှိစေရန် ဆောင်ရွက်ပေးရမည်၊ မြေသားသိပ်သည်းမှုသည် သတ်မှတ်ချက်၏ (၉၀) ရာခိုင်နှုန်းထက် မနည်းစေရ။

(ခ) **အောက်ခံမြေ။** အောက်ခံမြေသားမှာလမ်းသားအလွှာအောက်ရှိ တူးထုတ်ထားသော(သို့မဟုတ်)ဖို့ထားသောမြေသားအလွှာဖြစ်ပါသည်၊ အောက်ခံမြေသားကို သတ်မှတ်ရွေးချယ်ထားသောမြေသားဖြင့် သတ်မှတ်သိပ်သည်းမှုရရှိအောင် ကြိတ်ထားသည့်အနည်းဆုံး (၁၂) လက်မအထူရှိသည့် မြေသားအလွှာဖြစ်ပါသည်၊ သိပ်သည်းမှုမှာ သတ်မှတ်သိပ်သည်းမှု၏ (၉၅) ရာခိုင်နှုန်း (သို့မဟုတ်)၄င်းအထက်ရှိရမည်၊ စီ-ဘီ-အာ(ရေစိမ်)တန်ဖိုးသည် (၅) ရာခိုင်နှုန်းထက်မနည်းရှိစေရမည်။

(ဂ) **လမ်းဟောင်းကိုချဲ့ခြင်း (Widening) နှင့်ထပ်ပိုးလွှာတင်ခြင်း (Overlay)။** လမ်းဟောင်းကိုချဲ့ခြင်းနှင့်ထပ်ပိုးလွှာတင်ခြင်းဆောင်ရွက်ရာတွင် လမ်းသုတေသနဓါတ်ခွဲခန်းမှ အတည်ပြုပေးထားသည့် လမ်းသားအထူနှင့် သတ်မှတ်ပေးသည့် တည်ဆောက်ပုံနည်းစနစ်အတိုင်း လိုက်နာဆောင်ရွက်ရမည်၊ ထပ်မံတိုးချဲ့ခြင်း နှင့် ထပ်ပိုးလွှာတင်သည့်အပိုင်းကို ကျစ်လျစ်သိပ်သည်းမှုရရှိအောင် စက်ယန္တရားများဖြင့် ခင်းကြိတ်ရမည်။

(ဃ) **ဒု-အခြေခံလွှာ။** ဒု-အခြေခံလွှာ၏ အနည်းဆုံးလိုအပ်ချက်မှာ ကျောက်ရောမြေ (သို့မဟုတ်) ဂဝံ (သို့မဟုတ်) ခွဲကျောက်အား (၁၂) လက်မ (သိပ်သည်းပြီး) ရရှိအောင်ကြိတ်ထားသောအလွှာကို ခေါ်ဆိုပါသည်၊ သတ်မှတ်သိပ်သည်းမှုမှာ (၉၅) ရာခိုင်နှုန်းရှိရမည်ဖြစ်ပြီး စီ-ဘီ-အာ(ရေစိမ်)တန်ဖိုးသည် (၃၀) ရာခိုင်နှုန်း (သို့မဟုတ်) ၎င်းအထက်ရှိစေရမည်။

(င) **အခြေခံလွှာ။** ဒု-အခြေခံလွှာနှင့်အပေါ်မျက်နှာပြင်အကြားရှိပြီး အနည်းဆုံး ခွဲကျောက်ကို (၆)လက်မထုသိပ်သည်းလွှာရရှိအောင် ဆောင်ရွက်ရမည့်အလွှာဖြစ်ပါသည်၊ စီ-ဘီ-အာ(ရေစိမ်)တန်ဖိုးသည် (၈၀) ရာခိုင်နှုန်းအထက် ရှိစေရမည်။

(စ) **လမ်းမျက်နှာပြင်ညှိလွှာ (Regulating Course)။** လက်ရှိ လမ်းမျက်နှာပြင်အနေအထားအပေါ်မူတည်၍ (**Penetration Macadam**) မခင်းမီ လမ်းမျက်နှာပြင်ညှိလွှာကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ တည်ဆောက်ရမည်။

(ဆ) **ကနဦးလွှာကတ္တရာလောင်းခြင်း။** ကတ္တရာရေပိတ်လွှာမလောင်းမီ လမ်းမျက်နှာပြင်အားဖုန်များ၊ ရွှံ့များ၊အမှိုက်သရိုက်များ သန့်ရှင်းအောင်ဆောင်ရွက်ရမည်၊ ရေပိတ်လွှာကတ္တရာအား " **လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ** "၏သတ်မှတ်ချက်များအတိုင်းဆောင်ရွက်ရမည်။

(ဇ) **ကတ္တရာဖြင့် (Penetration Macadam)တည်ဆောက်၍ ကတ္တရာရေပိတ်လွှာနှစ်ထပ်ခင်းခြင်းလုပ်ငန်း။** ကတ္တရာဖြင့် (**Penetration Macadam**) သိပ်သည်းပြီး (၃)လက်မအထူကို ကတ္တရာစိမ့်ဝင်မှု(၁.၅)လက်မရှိသော(**Semi Grout**) ရှိအောင် လမ်းသုတေသနဓါတ်ခွဲခန်းမှ သတ်မှတ်ပေးသည့် စံချိန်စံညွှန်းများနှင့်အညီ တည်ဆောက်ပြီးနောက် ကတ္တရာ ရေပိတ်လွှာနှစ်ထပ်ကို စံချိန်စံညွှန်းနှင့်အညီဆက်လက် တည်ဆောက်ရမည်။ **(နောက်ဆက်တွဲ(က)ပါအတိုင်း)**

(ဈ) **အမာခံလမ်းပုခုံး (Hard Shoulder) တည်ဆောက်ခြင်း။** လက်ရှိလမ်း၏ ဘေးတစ်ဖက်တစ်ချက်တွင် အကျယ် (၄)ပေ၊ အထု (၉)လက်မ (သိပ်သည်းပြီး) ရှိသည့် ဂဝံ (သို့မဟုတ်) ကျောက်ရောမြေဖြင့် တည်ဆောက်ထားသည့် စီ-ဘီ-အာ ၂၅% (သို့မဟုတ်) ၃၀% အင်အားရှိသော လမ်းပုခုံးတည်ဆောက်ရပါမည်။**[နောက်ဆက်တွဲ (က၊ က-၂ မှ က-၁၀) ပါအတိုင်း]**

(ည) ဤလမ်းစီမံကိန်းလုပ်ငန်း၏ လမ်းနယ်နိမိတ်အား ဖြတ်သန်းသည့်နေရာများတွင် ပေ (၂၀၀) အကျယ်သတ်မှတ်သည်။

(ဋ) ယာဉ်သွားလမ်း (၂)လမ်းအတွက် လမ်းသားအကျယ်ကို ပျမ်းမျှတစ်နေ့ ယာဉ်စီးရေ AADT (Annual Average Daily Traffic) ၂၀၀ အထက်မှ ၅၀၀ အထိရှိပါက (၁၈) ပေ အကျယ်ကတ္တရာလမ်းအဖြစ်လည်းကောင်း၊ ၅၀၀ အထက်မှ ၁၀၀၀ အထိရှိပါက (၂၂) ပေအကျယ်ကတ္တရာလမ်းအဖြစ်လည်းကောင်း၊ ၁၀၀၀ အထက်မှ ၂၅၀၀ အထိရှိပါက (၂၄) ပေအကျယ် ကတ္တရာလမ်းအဖြစ်လည်းကောင်း၊ ၂၅၀၀ အထက်မှ ၅၀၀၀ အထိရှိပါက (၄၈) ပေအကျယ် ကတ္တရာလမ်းအဖြစ်လည်းကောင်း၊ ၅၀၀၀ အထက်ရှိပါက (၇၂) ပေ အကျယ်ကတ္တရာလမ်းအဖြစ်လည်းကောင်း တည်ဆောက်ပေးရမည်။ ပျမ်းမျှတစ်နေ့ယာဉ်အစီးရေ AADT (Annual Average Daily Traffic) (၂၀၀၀)ကျော်သွားသည့်အခါတွင် ကတ္တရာကွန်ကရစ်(Asphalt Concrete)တည်ဆောက်ပေးရမည်၊ "**လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ**" မှ လုပ်ငန်းလိုအပ်ချက်အရ တရားဝင် ညွှန်ကြားလာသည့်အခါ "**လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ**" က ယာဉ်သွားလမ်း (၂၄) ပေအကျယ်ကတ္တရာကွန်ကရစ် (Asphalt Concrete) တည်ဆောက်ပေးရမည်။ ပျမ်းမျှ တစ်နေ့ယာဉ်အစီးရေ (၂၀၀၀) ထက်ပိုမိုကျော်လွန်ပြီး (၂) လမ်းသွားနှင့် မလုံလောက်ပါက (၄) လမ်းသွား ကတ္တရာကွန်ကရစ်လမ်း တည်ဆောက်ပေးရမည်။

(ဌ) လမ်းသားတည်ဆောက်ရာတွင် ယာဉ်နှင့်ကုန်အလေးချိန်စုစုပေါင်း အနည်းဆုံး(၆၀)တန်ခံနိုင်ရန် တည်ဆောက်ပေးရမည်။

(ဍ) တံတားများတည်ဆောက်ရာတွင် (**AASHTO HS 20-44 လမ်းမကြီးများသတ်မှတ်စံချိန်စံညွှန်းအရ**) ယာဉ် နှင့် ကုန် စုစုပေါင်းအလေးချိန် (၆၀) တန် ခံနိုင်ရန်တည်ဆောက်ပေးရမည်၊ တံတားအပေါ်ပိုင်းကိုယ်ထည်မှာ သံမဏိသံဘောင်တံတား (သို့မဟုတ်)သံအားဖြည့်ဘိလပ်မြေကွန်ကရိတံတားကိုယ်ထည်များ ဖြစ်စေရပါမည်။

"လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ" ၏တာဝန်များ

၄။ **"လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ"**၏ တာဝန်များမှာအောက်ပါအတိုင်းဖြစ်ပါသည်-

(က) လမ်း-တံတားများအား B.O.T. စနစ်ဖြင့် လုပ်ကိုင်မှုကို **"လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ"**က ကြီးကြပ်ကွပ်ကဲမှုပေးရမည်။

(ခ) **"လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ"** သည် **"လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ"** မှ ပဋိညာဉ်စာချုပ်ပါ လုပ်ငန်းများဆောင်ရွက်နိုင်ရန် နှင့် ဥပဒေနှင့်အညီ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် လိုအပ်သောခွင့်ပြုမိန့်ကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ရရှိရန် ပံ့ပိုးကူညီဆောင်ရွက်ပေးရမည်။

(ဂ) **"လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ"**သည်လုပ်ငန်းစီမံကိန်းအတွက် လိုအပ်သောသက်ဆိုင်ရာဝန်ကြီးဌာနများ၊ အစိုးရဌာနများ၏ အတည်ပြုချက်၊ သဘောတူညီချက်နှင့် ခွင့်ပြုချက်များရရှိအောင် ဆောင်ရွက်ပေးရမည်။

(ဃ) **"လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ"**သည်လုပ်ငန်းစီမံကိန်းအတွက် အဆိုပြုထားသော လမ်းဖြောင့်တန်းမှု အတိုင်းရရှိစေရန် ဖြည့်ဆည်းဆောင်ရွက်ပေးရမည်။

(င) **"လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ"** သည် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီဖောက်လုပ်ပြီးစီးပါက လုပ်ငန်းစီမံကိန်း၏ အပြီးသတ် ဆောင်ရွက်ပြီးစီးမှု လက်မှတ် (**Final Completion Certificate**) ကို **"လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ"** အား ထုတ်ပေးရမည်၊ လမ်းအသုံးပြုခကောက်ခံခြင်းကိုလည်း ခွင့်ပြုရမည်။

"လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" ၏တာဝန်များ

၅။ **"လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ"** ၏တာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **"လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ"** သည် ဤစာချုပ်ပါလမ်းအပိုင်းအတွက် လမ်း-တံတားအသုံးပြုခကောက်ခံရန် တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ရမည်။

(ခ) **"လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ"** သည် ပဋိညာဉ်စာချုပ်ပါအချက်များနှင့်အညီ လုပ်ငန်းအတိုင်းအတာပမာဏကို ဆောင်ရွက်ရန်နှင့် ပုံစံပြုခြင်း၊ လုပ်ငန်းအကောင်အထည်ဖော်ခြင်း၊ လုပ်ငန်းပြီးစီးအောင်ဆောင်ရွက်ခြင်းနှင့် ပဋိညာဉ်စာချုပ်ပါအချက်များနှင့်အညီ ပျက်ကွက်မှုတစ်စုံတစ်ရာအတွက် ပြင်ဆင်မှုပြုခြင်းတို့ကို သဘောတူပြီးဖြစ်သည့်အတိုင်း ဆောင်ရွက်ရမည်။

(ဂ) **"လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ"**သည်အပိုဒ် ၂ ပါ ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် အပိုဒ် ၃ပါ စံချိန်စံညွှန်းများကို ပြီးဆုံးအောင် ဆောင်ရွက်ရန် တာဝန်ရှိသည်။

(ဃ) **"လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ"** သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများအရ ရာနှုန်းပြည့် ရင်းနှီးမြှုပ်နှံပြီး သီးခြားကုမ္ပဏီတစ်ခုကို ဖွဲ့စည်း၍ အဆိုပြုသည့် လမ်းအပိုင်းပြုပြင် ဖောက်လုပ်စီမံအုပ်ချုပ်ခြင်းလုပ်ငန်းကို ပြုလုပ်လိုပါက ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ ခွင့်ပြုချက်ရယူ၍ ပြုလုပ်နိုင်သည်။

(င) **"လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ"** သည် ကြီးကြပ်သူ၊ အလုပ်သမား၊ စက်ရုံ၊ အလုပ်ရုံ၊ ပစ္စည်းများ၊ ကိရိယာတန်ဆာပလာ၊ ယာယီလုပ်ငန်းများနှင့် အခြားလိုအပ်သော အရာဝတ္ထုများကို ဖြည့်ဆည်းထောက်ပံ့ရမည့်အပြင် ပုံစံပြုပြင်ခြင်း၊ လုပ်ငန်းအကောင်အထည်ဖော်ခြင်း၊ ပြီးဆုံးအောင်ဆောင်ရွက်ခြင်းနှင့် ပျက်ကွက်မှုအတွက် ပြင်ဆင်မှုပြုပေးခြင်းစသည်တို့ကို ဆောင်ရွက်ရမည်။

(စ) **"လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ"** သည် ယင်း၏ထိန်းချုပ်မှုအောက်ရှိ ဆောက်လုပ်ရေးစခန်းအားလုံးနှင့်လုပ်ငန်းများအားလုံးရှိလုပ်ငန်းခွင်နေရာများအား လုံလောက်မှု၊ တည်ငြိမ်မှုနှင့်ဘေးအန္တရာယ်ကင်းရှင်းစေမှုတို့အတွက် အပြည့်အဝ တာဝန်ယူရမည်။

(ဆ) **"လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ"** သည် ပြည်တွင်းမှ ဝန်ထမ်းများ၊ အလုပ်သမားများ၊ ယင်းတို့၏လုပ်အားခ၊ နေအိမ်၊ အစားအသောက်နှင့် သယ်ယူပို့ဆောင်ရေးတို့ကို ယင်း၏ကိုယ်ပိုင်အစီအစဉ်ဖြင့် ဆောင်ရွက်ပေးရမည်၊ ထို့ပြင် လုပ်ငန်းဆောင်ရွက်ရန်အတွက်လိုအပ်ပါက ပြည်ပမှ ဝန်ထမ်းများ၊ လက်မှုပညာသည်များနှင့် အလုပ်သမားများကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်ဖြင့် ခေါ်ယူခန့်ထားနိုင်သည်။

(ဇ) **"လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ"** သည် ဝန်ထမ်းနှင့် အလုပ်သမားများ၏ ကျန်းမာရေး နှင့် ဘေးအန္တရာယ်ကင်းရှင်းရေးတို့အတွက် ကာကွယ်မှုအစီအစဉ်များ ပြုလုပ်ပေးရမည်။

(ဈ) **"လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ"** သည် ပုံစံပြုဆောင်ရွက်စဉ်နှင့် လုပ်ငန်းအကောင်အထည်ဖော်စဉ်အတွင်း လိုအပ်သော ကြီးကြပ်ကွပ်ကဲမှုများကို လုပ်ငန်းအပြီးသတ် ဆောင်ရွက်ပြီးစီးမှုလက်မှတ် **(Final Completion Certificate)** ရရှိသည်အထိ ပြုလုပ်ပေးရမည်၊ **(Final Completion Certificate)** ရရှိပြီး **"လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ"** ၏သဘောတူညီချက်ဖြင့် လမ်းအသုံးပြုခကို စတင်ကောက်ခံခွင့်ရှိသည်။

(ည) **"လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ"** သည် ပြည်ပမှအလုပ်သမားများ မြန်မာနိုင်ငံတွင် ရှိနေစဉ်အတွင်း မြန်မာနိုင်ငံ၏ ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းများကို လေးစားလိုက်နာရန်နှင့် မြန်မာနိုင်ငံ၏ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်ခြင်းမပြုရန် တာဝန်ယူရမည်။

(ဋ) **"လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ"** သည် ပစ္စည်း၊ ထုတ်ကုန်(သို့မဟုတ်)ကိရိယာတန်ဆာပလာများ ဝယ်ယူမှုအတွက် တစ်ဆင့်ခံ လုပ်ငန်းလုပ်ကိုင်ခွင့်ရသူတစ်ဦး(သို့မဟုတ်)အများကိုလွှတ်လပ်စွာ ပြောင်းလဲနိုင်သည်၊ တစ်ဆင့်ခံ လုပ်ငန်း လုပ်ကိုင်ခွင့် ရသူ အားလုံးသည် **"လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ"** ၏အမည်ကို သာရယူရမည့်အပြင် **"လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ"** ၏သဘောတူညီချက်နှင့်အညီ ဖြစ်ရမည်။

(ဌ) **"လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ"** သည် လမ်းနှင့်တံတားများ၏ပုံစံအတွက် အဆိုပြုချက် တင်သွင်းရမည်၊ [တံတားပြုပြင်တည်ဆောက်ခြင်းကို **နောက်ဆက်တွဲ (က-၁)** ပါအတိုင်း] သို့ရာတွင် ယင်းတို့သည် အသေးစိတ်ဖော်ပြချက်ပါ လိုအပ်ချက်များထက်အဆင့် မနိမ့်စေရ၊ အဆိုပြုချက်အသစ်တင်ပြရန် လိုအပ်လာပါက အဆိုပြုချက်အသစ်အရ ဆောင်ရွက်ရာတွင် ဆောက်လုပ်မည့်အချိန်ဇယားသည်နောက်ကျခြင်းမရှိစေရ။

(ဍ) မြေတိုင်းသည့်မြေပုံတွင် ဖော်ပြထားသည့်လမ်း၏ လမ်းအူကြောင်းကို **"လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ"** ၏ခွင့်ပြုချက်ဖြင့်လိုအပ်သလိုပြင်နိုင်သည်။

(ဎ) **"လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ"** သည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှု (လုပ်ငန်းခွင်နေရာအတွင်းနှင့်အပြင်) အတွက် လုပ်ငန်းဆောင်ရွက်မှုကြောင့် လေထု၊ ရေနှင့်မြေအား ညစ်ညမ်းမှုနှင့် သဘာဝပတ်ဝန်းကျင် အခြေအနေယုတ်လျော့မှုမရှိအောင် ထိန်းသိမ်းရန်၊ အများပြည်သူအား နှောင့်ယှက်မှုမရှိစေရန်တို့အတွက် လိုအပ်သောအစီအမံများ ချမှတ်ဆောင်ရွက်ပေးရမည်။

(ဏ) **"လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ"** သည် အထူးအကြောင်းကိစ္စရပ်များကြောင့် သတ်မှတ်ချိန်အတွင်း လုပ်ငန်းကို ပြီးစီးအောင်မဆောင်ရွက်နိုင်လျှင် **"လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ"** ထံ စာဖြင့်ရေးသား၍ တောင်းဆိုမှုပြုနိုင်သည်၊ ယင်းတောင်းဆိုချက်တွင် လုပ်ငန်းပြီးစီးအောင် ဆောင်ရွက်မှုအတွက် အသေးစိတ်အချက်အလက်များနှင့် အချိန်တိုးမြှင့်ပေးရန်အတွက် အသေးစိတ်အကြောင်းပြချက်များပါဝင်ရမည်၊ **"လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ"** သည် ယင်းတင်ပြချက်အထောက်အထားများ အပေါ်အခြေပြု၍ အချိန်တိုးပေးရန် စဉ်းစားမည်။

(တ) လမ်းဖြတ်သန်းသွားလာသည့် ဧရိယာအတွင်း လုပ်ငန်းဆောင်ရွက်ရာတွင် **"လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ"** သည် သစ်တောဥပဒေပါပြဋ္ဌာန်းချက်များကို လိုက်နာရမည်။

(ထ) “လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ”သည် “လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ”၏စာဖြင့်ရေးသားထားသောခွင့်ပြုချက်မရဘဲ လုပ်ငန်းကိုလွှဲပြောင်းခြင်း၊ လုပ်ငန်းတစ်စိတ်တစ်ဒေသကို ထပ်ဆင့်ငှားရမ်းခြင်းမပြုရ။

(ဒ) **“လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ”** ထံမှ လုပ်ငန်း စတင်ရန် အကြောင်းကြားချက် ရရှိသည်နှင့် **“လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ”**သည်လမ်းပန်းဆက်သွယ်မှု ပြတ်တောက်ခြင်းမရှိစေရန်အတွက် လုပ်ငန်းစီမံကိန်း နယ်နိမိတ်အတွင်းရှိ လမ်းနှင့်တံတားများကို ကောင်းစွာထိန်းသိမ်းထားရှိရမည်၊ ထို့အပြင်လုပ်ငန်းဆောင်ရွက်သည့်ကာလအတွင်း လမ်းများ၊ တံတားများကို ကောင်းမွန်သောအနေအထားရှိစေရန် အစဉ် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကိုလည်းကောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ပျက်စီးယိုယွင်းသွား၍ စံချိန်စံညွှန်းအတိုင်းပြန်လည်တည်ဆောက်ရန် လိုအပ်သည့် လမ်း-တံတား (လေလံတံတားများမပါဝင်ပါ) လုပ်ငန်းများကိုလည်းကောင်း **“လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ”** က မိမိစရိတ်ဖြင့် ဆောင်ရွက်ရမည်။

(ဓ) **“လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ”**၏စာဖြင့် ရေးသားထားသော ခွင့်ပြုချက်မရဘဲ လမ်း-တံတား အသုံးပြုခကောက်ခံရေးဂိတ်များနှင့် ကောက်ခံသည့်နှုန်းထားများကို ပြောင်းလဲခြင်းမပြုရ။

(န) စာချုပ်အရ ကင်းလွတ်ခွင့်ပြုထားသည့် မော်တော်ယာဉ်များမှအပ ကျန်မော်တော်ယာဉ်များကို လမ်းအသုံးပြုခကောက်ခံနိုင်သည်။

(ပ) စတင်ကောက်ခံသည့်ပထမ (၃) နှစ်ကာလအတွက် လမ်းအသုံးပြုခမှ နိုင်ငံတော်သို့ ပေးသွင်းခြင်းကို ကင်းလွတ်ခွင့်ပြုသည်၊ ကျန်ကာလအတွက် အောက်ပါအတိုင်း နိုင်ငံတော်သို့ ပေးသွင်းရန်ဖြစ်သည်-

(၁)	ပထမ (၃)နှစ်အတွက်		- ကင်းလွတ်ခွင့်ကာလ
(၂)	၄ နှစ်မြောက်မှ ၁၃နှစ်မြောက်အထိ	(၁၀)နှစ်	- ၅% ပေးသွင်းရန်
(၃)	၁၄ နှစ်မြောက်မှ ၂၃ နှစ်မြောက်အထိ	(၁၀)နှစ်	- ၁၀% ပေးသွင်းရန်
(၄)	၂၄ နှစ်မြောက်မှ ၃၃ နှစ်မြောက်အထိ	(၁၀)နှစ်	- ၁၅% ပေးသွင်းရန်
(၅)	၃၄ နှစ်မြောက်မှ ၄၀ နှစ်မြောက်အထိ	(၇)နှစ်	- ၂၀% ပေးသွင်းရန်
(၆)	၄၀ နှစ်ကျော်ကာလအတွက် အချိန်တိုးမြှင့်ကောက်ခံခွင့် တင်ပြချိန်တွင် နိုင်ငံတော်မှ သတ်မှတ်ပေးသည့် ရာခိုင်နှုန်းအတိုင်း ပေးသွင်းရန်ဖြစ်ပါသည်။		

(ဖ) **“လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ”**သည် လမ်းအသုံးပြုခ ကောက်ခံရငွေ စုစုပေါင်း၏ စာရင်းဇယားများကို နှစ်သက်တမ်းအလိုက် ပြက္ခဒိန်နှစ်၏ဇန်နဝါရီလ(၁)ရက်မှ ထိုနှစ် ဒီဇင်ဘာလ(၃၁) ရက်နေ့အထိ စနစ်တကျတိကျမှန်ကန်စွာပြုစုထားရမည်၊ တစ်နှစ်တာလမ်းအသုံးပြုခကောက်ခံရငွေများစာရင်းကို **“လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ”**၏ စာရင်းစစ်အဖွဲ့ လာရောက်စစ်ဆေးချိန်တွင် စစ်ဆေးခံရန် အသင့်ဖြစ်နေရမည်။

(ဗ) လမ်းအသုံးပြုခကောက်ခံရငွေများစာရင်းကို **“လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ”**၏စာရင်းစစ်အဖွဲ့မှ နောက်နှစ်၏နှစ်ဆန်း ဇန်နဝါရီလ (၁)ရက်နေ့မှစတင်၍ လာရောက်စစ်ဆေးပြီး နှစ်သက်တမ်းအလိုက် ပေးသွင်းရမည့်ရာခိုင်နှုန်းအရ ကျသင့်ငွေပမာဏကို ဖော်ပြအသိပေးအကြောင်းကြားရမည်။

(ဘ) **“လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ”**သည် **“လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ”**၏ စာရင်းစစ်အဖွဲ့မှ ကောက်ခံရငွေများစာရင်းကို စစ်ဆေးပြီး နောက်နေ့မှစ၍ ရက်ပေါင်း (၉၀) အတွင်း **“လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ”** မှ သတ်မှတ်ပေးသော အစိုးရဘဏ်နှင့် ငွေစာရင်းအမှတ်သို့ ဘဏ်ငွေလွှဲလွှာ (သို့မဟုတ်) မျဉ်းသားချက်လက်မှတ်ဖြင့်ပေးသွင်းရပါမည်၊ နိုင်ငံတော်သို့ ပေးသွင်းရမည့်ငွေပမာဏကိုရက်ပေါင်း(၉၀)အတွင်း အကြေပေးသွင်းရန်ဖြစ်ပြီး ပေးသွင်းပြီးကြောင်း အထောက်အထားငွေသွင်းချလံ ကို(၇)ရက်အတွင်း **“လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ”**ထံ တင်ပြရပါမည်၊ အဆိုပါပေးသွင်းရမည့်သတ်မှတ်ရက်ထက် ကျော်လွန်ပေးသွင်းပါက ရက်လွန်ဒဏ်ကြေးအဖြစ် (၁)ရက်လျှင် ပေးသွင်းရမည့် ငွေ (၁၀၀) ကျပ်လျှင် (၁)ကျပ်နှုန်း အပိုဆောင်းပေးသွင်းရမည်၊ ရက်လွန်ဒဏ်ကြေးပါ ပေးသွင်းရပါက ပေးသွင်းရန်ငွေနှင့် ရက်လွန်ဒဏ်ကြေးတို့ကို တစ်ပေါင်းတည်း အပြည့်ပေးသွင်းရမည်၊ ပေးသွင်းရန်ငွေနှင့် ရက်လွန်ဒဏ်ကြေးပေးသွင်းခြင်းကို အစစ်ဆေးခံသည့်နှစ်၏ နောက်ပြက္ခဒိန်နှစ်၊ ဒီဇင်ဘာလ (၃၁) ရက်နေ့ထက် မကျော်လွန်စေရပါ။

(မ) ညှိနှိုင်းထားသော ကောက်ခံနှုန်းများအတိုင်း **"လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ"** မှ ကောက်ခံရာတွင်အကျိုးအမြတ်မရရှိမှု၊ အရှုံးပေါ်မှုများရှိလာပါက ကောက်ခံသည့်လမ်းအသုံးပြုခနှုန်းထားများကို ညှိနှိုင်း ပြင်ဆင်ရန်အတွက် တင်ပြခွင့်ရှိသည်။ သို့ရာတွင် **"လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ"**၏စာရင်းစစ်အဖွဲ့မှ စိစစ်ထားသည့် (၁)နှစ်ချင်း ဝင်ငွေ ထွက်ငွေ၊ အရှုံးအမြတ် စာရင်းဇယားအတိအကျကို အထောက်အထားနှင့် ပူးတွဲတင်ပြရမည်။

(ယ) ခွင့်ပြုထားသော စာချုပ်သက်တမ်းကာလ နှစ် (၄၀) ပြည့်ပြီးနောက် **"လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ"** မှ အကျိုးအမြတ် မရရှိခဲ့လျှင်သော်လည်းကောင်း၊ ဆက်လက်ဆောင်ရွက်လိုလျှင်သော်လည်းကောင်း၊ ကောက်ခံမှုသက်တမ်းကာလကို (၁)ကြိမ်လျှင် (၅)နှစ်စီဖြင့် (၃)ကြိမ်သက်တမ်းတိုးမြှင့်၍ ကောက်ခံခွင့်ရရှိရေးအတွက် **"လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ"** ထံ တင်ပြနိုင်သည်။

(ရ) **"လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ"** သည် လုပ်ငန်းတစ်ခုလုံးအား တစ်ဆင့်ခံလုပ်ကိုင်ခွင့်မပြုရ။

(လ) **"လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ"** သည် တရားဝင်ကိုယ်စားလှယ်ခန့်ရန် ရည်ရွယ်သူ(များ)၏အမည်၊ ကိုယ်ရေးအချက်အလက်များကို လုပ်ငန်းစတင်ရန် အကြောင်းကြားစာ ထုတ်ပေးသည့်နေ့မှ (၁၄)ရက်အတွင်း **"လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ"** ထံ တင်ပြရမည်။

(ဝ) ယင်းကိုယ်စားလှယ်သည် ဆောက်လုပ်ရေးနှင့် သက်ဆိုင်သည့် အထောက်အထားများ ပြင်ဆင်ထားရှိခြင်း၊ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်းများကို အချိန်ပြည့်ဆောင်ရွက်ပေးရမည်။

(သ) ယင်းကိုယ်စားလှယ်သည် လုပ်ငန်းခွင်မှ ပျက်ကွက်သည့်အခါ သင့်တော်သူတစ်ဦးကို အစားထိုးခန့်ထားပြီးနောက် အစားထိုးခန့်ထားကြောင်းကို **"လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ"** ထံ အကြောင်းကြားရမည်။

လုပ်ငန်းအာမခံ (Performance Bank Guarantee)

၆။ **"လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ"** သည် စာချုပ်ချုပ်ဆိုပြီး (၃၀) ရက်အတွင်း ရင်းနှီးမြှုပ်နှံမှုကုန်ကျစရိတ်၏ (၁) ရာခိုင်နှုန်းနှင့် ညီမျှသောငွေကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်းရှိ တရားဝင်ခွင့်ပြုထားသောဘဏ်တစ်ခုခုမှ ထုတ်ပေးသည့် ကြိုတင်စည်းကမ်းချက်များမပါရှိဘဲ ပြန်လည်ရုပ်သိမ်း နိုင်ခွင့်မရှိသော လုပ်ငန်းအကောင်အထည်ဖော်ရန် တာဝန်ယူသည့် ဘဏ်အာမခံကို **"လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ"** ထံသို့ ပေးအပ်ရမည်၊ အဆိုပါ ဘဏ်အာမခံ၏ သက်တမ်းသည် ထုတ်ပေးသည့်နေ့မှ လုပ်ငန်းပြီးဆုံးအောင်ဆောင်ရွက်သည်အထိဖြစ်သည်၊ **"လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ"** သည်လုပ်ငန်းစတင်ရန်အကြောင်းကြားစာရရှိပြီး (၃၀) ရက်အတွင်း လုပ်ငန်း စတင်ရန်ပျက်ကွက်လျှင်သော်လည်းကောင်း၊ သတ်မှတ်ကာလအတွင်း လုပ်ငန်းပြီးစီးအောင်ဆောင်ရွက်ရန် အပါအဝင် စာချုပ်ပါစည်းကမ်းချက်များကို လိုက်နာရန်ပျက်ကွက်ပါက ဘဏ်အာမခံငွေကို **"လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ"** က သိမ်းယူရမည်၊ ဘဏ်အာမခံငွေကို လုပ်ငန်းအပြီးသတ်ဆောင်ရွက်ပြီးစီးမှု လက်မှတ်ထုတ်ပေးပြီး ရက်ပေါင်း(၃၀)အတွင်း **"လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ"** ထံ ပြန်လည်ထုတ်ပေးရမည်။

လမ်း–တံတားအသုံးပြုခကောက်ခံခြင်း

၇။ လမ်း–တံတားအသုံးပြုခကောက်ခံရန် နည်းလမ်းများမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) **"လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ"** မှ အဆိုပြုတင်ပြလာသည့်လမ်းအပိုင်းကို **"လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ"** က သဘောတူပါက လမ်း–တံတားအသုံးပြုခ ကောက်ခံသည့်ဂိတ်ကို **"လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ"** က အဆင့်မီအောင် Steel, Aluminium, Brick Structure or Composite တို့ဖြင့်စနစ်တကျတည်ဆောက်ရမည်။ [ဂိတ်တည်နေရာကို**နောက်ဆက်တွဲ(ခ)** ပါအတိုင်း]

(ခ) လမ်း-တံတားအသုံးပြုခ ကောက်ခံခွင့်ပြုထားသော လမ်းမကြီးနှင့် ဆက်သွယ်နေသည့် အခြားလမ်းများမှ မော်တော်ယာဉ်များအတွက် လမ်း-တံတားအသုံးပြုခကောက်ခံရန် လိုအပ်သည့်နေရာများတွင် အဆင့်မီ ဂိတ်များ တည်ဆောက်ခွင့်ပြုသည်၊ "**လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ**" က လိုအပ်၍ တင်ပြလာလျှင် ဂိတ်(၁)ဂိတ်ထက်ပို၍ တည်ဆောက်ခွင့်ပြုမည်။

(ဂ) လမ်း-တံတားအသုံးပြုခကို လမ်းအပိုင်းလိုက် မိုင်အရှည်နှင့် လမ်းအသုံးပြုခ(၁)မိုင်နှုန်း မြှောက်၍ရသည့်ကျသင့်ငွေစုစုပေါင်းကို ဂိတ်မှငွေလက်ခံဖြတ်ပိုင်းပေး၍ တစ်ပေါင်းတည်းကောက်ခံရမည်။

(ဃ) လမ်း-တံတားအသုံးပြုခကောက်ခံရန် ခွင့်ပြုသည့်နေရာတိုင်းတွင် ကုန်ချိန်ကတ္တားတည်ဆောက်ခွင့်ပြုမည်မဟုတ်ပါ။

(င) လမ်း-တံတားအသုံးပြုခကောက်ခံရန် တည်ဆောက်ထားသော ဂိတ်အဝင်အထွက်နေရာများသည် အနည်းဆုံး (၄)လမ်းသွား အဆင့်မီ ဖြစ်ရမည်။

(စ) မလိုလားအပ်သောအုပ်ချုပ်မှုကိစ္စများမဖြစ်ပေါ်စေရန်အတွက် လမ်း-တံတားအသုံးပြုခကောက်ခံသည့်ဂိတ်များကို လုံခြုံရေးဂိတ်အဖြစ် အသုံးမပြုရ။

(ဆ) "**လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ**"၏ သဘောတူညီချက်ဖြင့် ယာဉ်သွားလမ်းအားလုံးနှင့် သတ်မှတ်မိုင်အရှည်ကို ကတ္တရာရေပိတ်လွှာနှစ်ထပ်ခင်းပြီး၍ "**လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ**" မှ သတ်မှတ်စံချိန်စံညွှန်းအတိုင်း ဆောင်ရွက်ထားရှိမှုကို စစ်ဆေးအတည်ပြုပြီး လုပ်ငန်းအပြီးသတ်ဆောင်ရွက်ပြီးစီးမှု လက်မှတ်ရရှိပါက လမ်းအသုံးပြုခကို "**လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ**" က စတင်ကောက်ခံနိုင်သည်။

လမ်း-တံတားအသုံးပြုခကောက်ခံနှုန်းများ

၈။ လမ်း-တံတားအသုံးပြုခကောက်ခံနှုန်းထားများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

